# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လကွယ် ၊ တနင်္ဂနွေနေ့ ၊ (29-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ - ၁၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို သွားရောက်တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
ပြည်သူ့စစ်မှုထမ်း
သင်တန်းသားများကို
ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။




ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# ကိုယ်စိတ်နှစ်ပါးကျန်းမာစေဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့

လူသားတိုင်းအတွက်မဖြစ်မနေလိုအပ်သည်က ကျန်းမာရေးဖြစ်သည်။ ကိုယ်စိတ်နှစ်ပါးကျန်းမာမှသာ မိသားစုအကျိုး၊ တိုင်းပြည်အကျိုးများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဘဝအတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု လုပ်ပေးရမည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားရန် အားကစားနည်းမျိုးစုံရှိသော်လည်း လူတစ်ဦးအတွက် အသက်အရွယ်မရွေး သင့်တော်သော ကိုယ်လက်လှုပ်ရှားမှုမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လမ်းလျှောက်ခြင်းကို ဓမ္မနည်းဖြင့် "စင်္ကြံလျှောက်ခြင်း"ဟုလည်း အဆိုရှိသည်။ လမ်းလျှောက်ခြင်း သို့မဟုတ် စင်္ကြံလျှောက်ခြင်းတွင် ရရှိမည့်အကျိုးတရားငါးပါးရှိပြီး မှတ်သားရလွယ်ကူစေရန် လင်္ကာအဖြစ်စပ်ဆိုထားသည်မှာ "ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေလျက်၊ မပျက်သမာဓိ ငါးမျိုးရှိ စင်္ကြံအကျိုးတည်း"ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးလိုက်စားသူများသာမက လူတိုင်းနေ့စဉ်လမ်းလျှောက်ခြင်းကို အချိန်ပေးလုပ်ဆောင်သင့်ပေသည်။

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သောကြောင့် လူသားများ သက်တမ်းစေ့နေနိုင်ရန်အတွက် ကျန်းမာကြရန်လိုပေသည်။ ထို့ကြောင့် လူသားတိုင်း ရောဂါကင်းဝေး၍ ကျန်းမာခြင်းသုခကို ရရှိရန်အတွက် ငွေမကုန် လူမပန်းစေဘဲ အမှန်တကယ်စိတ်ရောကိုယ်ပါ ကျန်းမာစေသောနည်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လူတစ်ဦးပုံမှန်လမ်းလျှောက်ခြင်းသည် နှလုံးရောဂါနှင့်လေသင်တုန်းဖြတ်ရောဂါ ဖြစ်ပွားမှုဘေးမှ လျှော့ချနိုင်ပြီး နှလုံးကိုအားကောင်းစေမည်ဖြစ်သည်။ ထို့ပြင် သွေးကြောများကြွပ်ဆတ်မာကျောမှုကို ဖြစ်စေနိုင်သည့် သွေးထဲရှိ ကိုလက်စထရောများကို လျှော့ချစေနိုင်ခြင်း၊ နှလုံးခုန်ပုံမှန်ဖြစ်လာစေခြင်း၊ သွေးလည်ပတ်မှုစနစ်များကို ပုံမှန်အလုပ်လုပ်စေသည့် သွေးများထုတ်လွှတ်ပေးခြင်းများဖြစ်ပေါ်စေသည်။ ထို့ကြောင့် မိနစ် ၃၀ ခန့်လမ်းလျှောက်ခြင်းဖြင့် လေဖြတ်နိုင်မှုအလားအလာကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်သည်ဟု ဆေးဘက်ဆိုင်ရာပညာရှင်များက ဆိုထားပါသည်။

လူသားတိုင်းအတွက် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို ထိထိရောက်ရောက် အထောက်အကူပြုသောကြောင့် လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီထိ လမ်းလျှောက်ပါက နှလုံးနှင့် ဆက်စပ်သော ရောဂါကြောင့် သေဆုံးမှု ၃၀ ရာခိုင်နှုန်း လျော့နည်းကြောင်း ဆေးဘက်ဆိုင်ရာပညာရှင်များက ဆိုထားသဖြင့် လူသားတိုင်း တစ်နေ့လျှင် မိနစ် ၃၀ ခန့် လမ်းလျှောက်သင့်ပေသည်။

လူသားတိုင်း ကျန်းမာစွာဖြင့် အသက်ရှင်ရပ်တည်နေထိုင်လိုကြသည်။ ကျန်းမာရေးချို့ယွင်းမှုမှန်သမျှသည် ဘဝအတွက် အဆင်မပြေမှုနှင့် ငွေကြေးကုန်ကျမှုကိုသာဖြစ်စေပြီး ကျန်းမာရေးချို့ယွင်းသူအတွက် ပညာသင်ကြားရာတွင်လည်းကောင်း၊ အလုပ်အကိုင်တွင်လည်းကောင်း အဆင်မပြေမှုများဖြစ်ပြီး မိသားစုဘဝလည်း ပျော်ရွှင်မှုကင်းဝေးစေကာ အခွင့်အလမ်းမှန်သမျှ ဆုံးရှုံးရမည်သာဖြစ်ပေသည်။

လူ့ဘောင်လောကကြီး သာယာဝပြောရေးသည် လူသားများ၏တာဝန်ဖြစ်သကဲ့သို့ လူသားတစ်ဦးချင်းမှ မိသားစုထိ သာယာဝပြောသော လူ့ဘဝသည် ရောဂါကင်း၍ ကျန်းမာခြင်းများနှင့်ပြည့်စုံနေရန်လိုပေသည်။ သို့ဖြစ်ရာ မိသားစုအတွင်း ရောဂါကင်းစင်ကာ ကျန်းမာခြင်းနှင့်ပြီးပြည့်စုံသော လူမှုဘဝကိုပိုင်ဆိုင်နိုင်စေရန်၊ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်စေရန် အတွက် လူတိုင်းလူတိုင်းအနေဖြင့် စိတ်ရောကိုယ်ပါကျန်းမာစေဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်






**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေး-ကလေး သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်းသား၊ သင်တန်းသူများကို သင်တန်း ဆင်းဒီပလိုမာ အောင်လက်မှတ် အပ်နှင်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ သူနာပြုသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနား၌တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အရည်အသွေး အရည်အချင်းပြည့်ဝနေရုံသာမက ဘက်စုံထူးချွန်၍ပြည်သူများ အားကိုးယုံကြည်ရသည့် သူနာပြုဆရာ၊ ဆရာမကောင်းများ ဖြစ်အောင် အမြဲကြိုးစားနေကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း (မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းဦးက ကျေးဇူးတင်စကား ပြောကြားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း၊ သူနာပြုသင်တန်းကျောင်း(မန္တလေး)တွင် ကလေးမြို့-သူနာပြုသင်တန်းကျောင်းနှင့် ပေါင်းစပ်၍ သူနာပြု-သားဖွား ဒီပလိုမာ သင်တန်းများဖွင့်လှစ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၁၁ ရက်ထိ ကျင်းပစစ်ဆေးခဲ့သည့် နောက်ဆုံးနှစ်၊ သူနာပြု-သားဖွားဒီပလိုမာ လက်မှတ်ရစာမေးပွဲတွင် သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်း အောင်မြင်သူများအား အောင်လက်မှတ် အပ်နှင်းခြင်း အခမ်းအနားဖြစ်ပြီး သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (ကလေး) မှ ၂၇ ဦး၊ သူနာပြုသင်တန်းကျောင်း (မန္တလေး)မှ ၄၉ ဦး စုစုပေါင်း ၇၆ ဦးအား သင်တန်းဆင်း အောင်လက်မှတ်များအပ်နှင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သူနာပြု တက္ကသိုလ်- မန္တလေးမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၉ လမ်းနှင့် ၄၁ လမ်းကြားရှိ မြို့တော်ညဈေး (မနော်ရမ္မ)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၅၉၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဟုမ္မလင်း ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၅၉၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၉၄၉၇ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၉၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ မြေထောက်ပဲ ၉၄၉၇ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၉၉၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ "ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် မြေထောက်ပဲကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မြေထောက်ပဲသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဘဲဥအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့နိုင်ခဲ့

**ဝါးခယ်မ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဘဲဥအလုံးရေ ၅၅၀၀ ၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်က ထွက်ရှိတဲ့ ဘဲဥတွေက အထွက်နှုန်းကောင်းမွန်ပါတယ်။ လက်ရှိမှာလဲ ဘဲဥတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဘဲဥတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ဒီဘက်ကထွက်ရှိတဲ့ ဘဲဥတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေရပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ဘဲအကောင်ရေ ၁၀၀၀ မှ ၂၅၀၀ ထိ မွေးမြူကြကြောင်း၊ အဆိုပါ ဝါးခယ်မမြို့နယ်မှထွက်ရှိသည့် ဒေသထွက်ဘဲဥများကို စနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဥစားဘဲများကို မွေးမြူပါက အကောင်ရေ ၁၀၀၀ မွေးမြူလျှင် ဘဲအကောင်ရေ ၁၀၀၀ ၏တန်ဖိုး အပါအဝင် အထွေထွေကုန်ကျစရိတ် ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း၊ အဆိုပါ ဘဲဥများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက်ဘဲမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းတုံမြို့နယ် နမ့်ချန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ချန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

နမ့်ချန်ကျေးရွာ၌ လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသား နှစ်ပေ၊ သဲဖြူန်းအမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ ဒသမ ဖြသန်းဖြင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါလုပ်ငန်းများ အားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အမှတ်(၃၆) ဘီ၊ ၂၃ လမ်း၊ ၈၁-၈၂ လမ်းကြားနေ ဦးကြည်လွင်-ဒေါ်ခိုင်သက်အောင် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရွှေသွယ်ရင် စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ရွှေသွယ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း ရွှေသွယ်ရင်စပါး တင်းရေအများအပြား မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရွှေသွယ်ရင်စပါး အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ ရေလမ်း အဆင်ပြေသလိုပဲ တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါး အမျိုးအစားတင်းရေ ၁၀၀ လျှင်ငွေကျပ် ၁၉၉၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ်၂၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၆၃၀၈၀ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၆၃၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၄၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ဧက ၆၃၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၆၃၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ပဲမျိုးစုံသီးနှံတွေကတော့ ကုလားပဲ၊ ထောပတ်ပဲ၊ မတ်ပဲ စတဲ့ ပဲသီးနှံတွေကို စိုက်ပျိုးတာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကုလားပဲ ၂၁၈၄၃ ဧက၊ မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၈၇ ဧက၊ စားတော်ပဲ ၃၁၈၅ ဧက၊ ပဲလွမ်း ၃၂၃၂ ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယဉ်း ၂၁၄ ဧက၊ ပဲကျား ၃၉၁ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ အခြားပဲ ၉၅၆ ဧက၊ စုစုပေါင်းပဲမျိုးစုံ ဧက ၄၁၈၀၀ ဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံ သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မြန်မာ့လွတ်လပ်ရေးအဓွန့်ရှည်ကြာတည်တံ့ဖို့ နိုင်ငံသားတိုင်းထိန်းသိမ်းစို့

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် အမျိုးသားရေးနှင့်ဆိုင်သောနေ့ရက်များ၊ ဘာသာရေးနှင့်ဆိုင်သောနေ့ရက်များ စသည်အားဖြင့် နေ့ထူးနေ့ရက်များရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေးနှင့်ပတ်သက်၍ အလေးအနက်ထားသောနေ့ရက်တစ်ရက်မှာ လွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ ၁၈၂၄ ခုနှစ် ပထမကျူးကျော်စစ်ပွဲမှသည် ၁၉၄၈ ခုနှစ်ထိ နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် အင်္ဂလိပ်နယ်ချဲ့တို့၏လက်အောက်တွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ မြန်မာပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝသည် ဗြိတိသျှနယ်ချဲ့တို့၏ စီမံခန့်ခွဲမှုလက်အောက်တွင် ရှိနေခဲ့ရသည်။ ထိုကာလများအတွင်း အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ ဖက်ဆစ်ဂျပန်များ၏ လက်အောက်သို့လည်း သုံးနှစ်တာမျှ ကျရောက်ခဲ့ရသေးသည်။ အင်္ဂလိပ်နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ရသည်များ၊ ဖက်ဆစ်ဂျပန်များကို တွန်းလှန်တိုက်ခိုက်ခဲ့ရသည်များ၊ အဆိုပါတိုက်ပွဲများအတွင်းတွင် တိုင်းရင်းသားပြည်သူများ၏အသက်၊ သွေး၊ ချွေးပေါင်းများစွာကို စတေးခဲ့ရသည်။ ထိုသို့ရင်းနှီးခဲ့ပြီးမှသာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာကိုပိုင်စိုးသော မြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကာလမှာ ၇၇ နှစ်ရှိခဲ့ပြီဖြစ်သည်။

**လွတ်လပ်ရေးနှင့်မျှော်လင့်ချက်များ**

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးအဓိဋ္ဌာန် ကိုးချက်ကို မဟာဗန္ဓုလပန်းခြံအတွင်း စိုက်ထူထားသော လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်စာတိုင်၌ ထွင်းထုထားရှိသည်။ "အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်၊ ကျောက်ခဲကဲ့သို့ခိုင်မြဲအောင် ထိန်းသိမ်းမည်ဟူ၍လည်းကောင်း၊ နိုင်ငံသားဟူသရွေ့ ကြီးငယ်၊ နီး၊ ဝေးမခြား တစ်သွေးတစ်သားတည်းပြု၍ နည်း၊ များ၊ နိမ့်၊ မြင့်မရှိစေရ၊ ညီတူညီမျှပြုမည်ဟူ၍လည်းကောင်း၊ သူတစ်ပါးကိုလည်းမတရားမပြု၊ ငါတို့အား မတရားပြုသည်ကိုလည်းမခံ၊ အသက်နှင့်လဲ၍ကာကွယ်မည်ဟူ၍လည်းကောင်း" စသည်ဖြင့် အဓိဋ္ဌာန်ပြုရေးထိုးထားရှိသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း စည်းလုံးညီညွတ်သောပြည်ထောင်စုကြီးဖွဲ့စည်းရေးနှင့် တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့်သဘောထားကို ဖဆပလအဖွဲ့ချုပ်ကြီး၏ ပဏာမပြင်ဆင်ချက် ညီလာခံတွင် ငါးချက်ချပြခဲ့သည်။ ထိုမူဝါဒများမှာ-

(၁) လွတ်လပ်သည့် မြန်မာနိုင်ငံကိုသမ္မတနိုင်ငံစနစ်နှင့် အုပ်ချုပ်ရန်၊

(၂) လူမျိုးအသီးသီး ရသင့်ရထိုက်သောအခွင့်အရေးများကို ရရှိအောင်စီစဉ်၍ တိုင်းသူပြည်သားများသာလျှင် အာဏာပိုင်ဖြစ်စေရန်၊

(၃) လူများစုလူမျိုးက လူနည်းစုလူမျိုးအပေါ် လွှမ်းမိုးမှုမရှိစေဘဲ ဒီမိုကရေစီအရ တန်းတူအခွင့်အရေးရှိရန်၊

(၄) လူမျိုးကြီးတစ်မျိုးတည်းဟု ခေါ်ဆိုသည့် Unitary State မျိုးတည်ထောင်ရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုသဘောမျိုးတည်ထောင်ရန်၊

(၅) စီးပွားရေးတိုးတက်မှုအတွက် စုပေါင်းပြီးစနစ်တကျစီစစ်နိုင်မည့် ပြည်ထောင်စုမျိုးတည်ထောင်မှသာလျှင် လူမျိုးအားလုံးတိုင်းသူပြည်သားများ၏ တိုးတက်မှုကိုလုပ်နိုင်မည် စသည်များဖြစ်သည်။

ထိုအချက်များသည်ပင် ပြည်သူများ၏ မျှော်လင့်ချက်များဖြစ်သည်။

❖ရရှိပြီးသောလွတ်လပ်ရေးကိုဆုံးရှုံးမသွားရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးမှာ ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးဖြစ်သည်။ ဤသို့ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားပြည်သူများသည် စစ်မှန်သောအမျိုးသားရေးခံယူချက်ဖြင့် မြန်မာနိုင်ငံတော်ကိုစောင့်ရှောက်ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်သည်။ ❖

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ နိုင်ငံသားပြည်သူအချင်းချင်း၊ တိုင်းရင်းသားပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုသည်လည်း အခြေခံလိုအပ်ချက်ဖြစ်သည်။ အကြောင်းအမျိုးမျိုးပြကာ နိုင်ငံတကာဖိအားအမျိုးမျိုးနှင့်ရင်ဆိုင်နေရသည့် ယခုလို အချိန်အခါတွင် ပြည်သူတစ်ရပ်လုံးသွေးစည်းညီညွတ်ကြရန်လိုသည်။ နွားကွဲလျှင်ကျားဆွဲသည်ဟုဆိုစကားလည်းရှိသည်။ ယခုအခါ နိုင်ငံခြားတိုင်းပြည်ကြီးတချို့သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းဖိအားပေးပြောဆို ဝင်ရောက်စွက်ဖက်မှုများရှိနေရာ တိုင်းရင်းသားပြည်သူအားလုံးသတိရှိကြရန်လိုအပ်သည်။ အရေးကြီးပြီ သွေးစည်းကြစို့ဟုဆိုသကဲ့သို့ တိုင်းရင်းသားပြည်သူအားလုံးတို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရန်မှာအရေးကြီးသည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိနေမှလည်း တိုင်းရင်းသားပြည်သူအားလုံး၏ တစ်ပြေးညီတိုးတက်ဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည်။

**အသက်၊ သွေး၊ ချွေး စတေး**

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားပြည်သူများအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံသားများ၏ အမျိုးသားစိတ်ဓာတ်ကိုအခြေခံသော မျိုးချစ်စိတ်ဓာတ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဟူသည်မှာ တိုင်းပြည်နှင့်လူမျိုးကိုချစ်ခင်သောစိတ်ဓာတ်ဟူ၍ မြန်မာအဘိဓာန်က ဖွင့်ဆိုထားသည်။ လူမျိုးတို့တည်တံ့ရန်၊ တိုးတက်ဖွံ့ဖြိုးရန် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေရန်လိုအပ်သည်။ မျိုးချစ်စိတ်ဓာတ်သည် အပြုသဘောကိုဆောင်ပြီး စည်းလုံးညီညွတ်မှုကိုဖြစ်စေသည်။ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုကို ဖြစ်ထွန်းစေသည်။ မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူများအားလုံးသည် စစ်မှန်သော အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိနေရန် လိုအပ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်နေခဲ့ရချိန်အခါက နယ်ချဲ့တို့က ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့စိတ်ဓာတ်နှင့်အားမာန်ကို ချိုးနှိမ်ထားခြင်းခံခဲ့ရသည်။ အမျိုး၊ ဘာသာ၊ သာသနာတို့မှေးမှိန်အောင် အမျိုးသားရေးစိတ်ဓာတ်ကို ဖျက်ဆီးခဲ့ကြသည်။ သွေးခွဲအုပ်ချုပ်သည့်စနစ်ဖြင့် တောင်တန်းနှင့်ပြည်မ ဟူ၍ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည်။ သို့ရာတွင် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်သူများသည် လွတ်လပ်ရေးကို လွယ်လွယ်နှင့်ရယူခဲ့ခြင်းမဟုတ်။ မြန်မာပြည်သူများ တစ်နည်း တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာကို စတေးပြီးမှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ထိန်းသိမ်းကာကွယ်**

အင်္ဂလိပ်နယ်ချဲ့တို့အုပ်ချုပ်မှုကာလတွင် ၎င်းတို့၏သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းခဲ့ရသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိရေးတိုက်ပွဲကာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်။ တိုင်းရင်းသားညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး လွတ်လပ်ရေးကိုအရယူနိုင်ခဲ့သော်လည်း လွတ်လပ်ရေးရယူနိုင်ခဲ့ပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းကျဆင်းသွားခဲ့ရသည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားလာခဲ့ရသည်။

လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်ရောက်လာခဲ့ပြီ၊ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီတပ်မတော်အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတပ်မတော်အစိုးရခေတ် စသည်တို့ကို ဖြတ်သန်းခဲ့ဖူးပြီ။ ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် ဒီမိုကရေစီအစိုးရခေတ်ကာလနှစ်ဆက်၏ စီမံအုပ်ချုပ်မှုဖြင့် တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းခဲ့သည်မှာလည်း ၁၀ နှစ် ကျော်ခဲ့သည်။ ၁၀ နှစ်တာကာလအတွင်း မတူညီသော အစိုးရနှစ်ဆက်၏မူဝါဒများကြောင့် စိန်ခေါ်မှု မြောက်မြားစွာကို တိုင်းရင်းသားပြည်သူအားလုံး ရင်ဆိုင်ခဲ့ကြရသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာထိန်းသိမ်း ခဲ့ရပြီးနောက်တွင်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်သည်။ အထူးသဖြင့် မိမိပါတီပြန်လည်အာဏာရရှိရေး အာဏာလောဘတက်နေကြသူများကြောင့် ပြည်တွင်း၌ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများကို ဖြေရှင်းနေရဆဲဖြစ်သည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား ရင်ကြားစေ့ရေးကို ဆောင်ရွက်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးသာလွတ်လပ်ရေးရခဲ့ခြင်းကားမဟုတ်။ မြန်မာနိုင်ငံလွတ်လပ်ရေးသည် မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူများအားလုံး ပိုင်ဆိုင်သည်။ ရရှိပြီးသောလွတ်လပ်ရေးကိုဆုံးရှုံးမသွားရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးမှာ ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးဖြစ်သည်။ ဤသို့ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားပြည်သူများသည် စစ်မှန်သောအမျိုးသားရေးခံယူချက်ဖြင့် မြန်မာနိုင်ငံတော်ကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်သည်။

ရန်ကုန်မြို့၏ အချက်အချာကျသောနေရာ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအတွင်း မြန်မာ့လွတ်လပ်ရေးကျောက်စာတိုင်ကို စိုက်ထူထားရှိသည်။ အဆိုပါ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီးကို တည်ဆောက်ထားသည်မှာ မြန်မာနိုင်ငံရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ၏ အသက်သွေးများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်ဟု ခံစားဖြစ်မိသည်။ လွတ်လပ်ရေးရယူပေးခဲ့သူများကိုလည်း ဦးညွတ်အလေးပြုမိသည်။

တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေးချွေးမြောက်မြားစွာ ပေးဆပ်ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာတည်တံ့နိုင်စေရန်မှာ တိုင်းရင်းသားပြည်သူများအားလုံးတို့က ထိန်းသိမ်းကာကွယ်သွားကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **လွတ်လပ်ရေးနေ့ အထူးထုတ်ဝေခဲ့သော သတင်းစာများ၊ စာစောင်များ**

**ကျွန်းသားငမန်း**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၂၃၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၂၂၃၇၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၂၃၈၃၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၃၇၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း မုန်ညင်းနဲ့ပန်းနှမ်း ကေ ၂၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိကေ ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် မုန်ညင်းနဲ့ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် မုန်ညင်း ၁၄၉ ကေ၊ ပန်းနှမ်း ၁၂၇၄၉ ကေ၊ အင်းတော်မြို့နယ်တွင် မုန်ညင်းကေ ၁၅၀၊ ပန်းနှမ်းကေ ၂၂၀၀၊ ထီးချိုင့်မြို့နယ်တွင် ပန်းနှမ်းကေ ၄၆၈၀၊ ဗန်းမောက်မြို့နယ်တွင် မုန်ညင်း ၂၂၂ ကေ၊ ပန်းနှမ်း ၂၂၉ ကေ စုစုပေါင်း ၂၂၃၇၈ ကေဖြစ်ကြောင်း၊ ကသာခရိုင်တွင် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် မုန်ညင်း ၂၀၇ ကေ၊ ပန်းနှမ်းကေ ၁၃၆၀၀၊ အင်းတော်မြို့နယ်တွင် မုန်ညင်းကေ ၂၂၀၊ ပန်းနှမ်းကေ ၁၈၆၀၊ ထီးချိုင့်မြို့နယ်တွင် မုန်ညင်း ၃၃၅ ကေ၊ ပန်းနှမ်းကေ ၃၉၇၀၊ ဗန်းမောက်မြို့နယ်တွင် မုန်ညင်းကေ ၃၂၂၀၊ ပန်းနှမ်းကေ ၄၂၀ စုစုပေါင်း ၂၃၈၃၂ ကေဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံနိုင်သည့်အပြင် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် မုန်ညင်းနှင့် ပန်းနှမ်းကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

## စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စေတုတ္တရာ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးတင်မော်သိန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၈၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ချိုလေး

## အလုပ်ခွင်မှာ ပျော်ရွှင်စွာ

\- အလုပ်ဟူသည် ဂုဏ်ရှိစွ
လေးစားမှ လူရာဝင်၊
ရိုးသားကာ ကြိုးစားအပ်
စိတ်ဓာတ်ဖြူစင်၊
ကိုယ့်အလုပ် ကိုယ်မြင့်တင်
အသစ်ထွင် နည်းလမ်းသုံး၊
ခက်ခဲကိုကျော်
လက်တွဲခေါ် ချီတက်လှမ်း
ပန်းတိုင်သို့ ရှန်း။

\- အချိန်ကို ဘယ်ခါမဖြုန်း
အသုံးချမှုမှန်ကန်စေ၊
လုပ်ငန်းခွင် သာလိုကြောင်း
ပေါင်းစုမသွေ၊
လုပ်ကိုင်ဖက် ချစ်ခင်လေ
အပြစ်တင်တွေ ရှောင်ရှား၊
တရားဖက်ကာ
အများတွက်တာ စိတ်ကိုနှင်း
ကောင်းခြင်းဆပွား။

\- စကားဆို ချိုပေသား
အပြုံးများ လန်းဖြာဝေ၊
ရိုင်းပင်းကူ ဟန်ချက်ထိန်း
မယိမ်းနွဲ့စေ၊
အလုပ်စည်းကမ်း လိုက်နာလေ
ပြဿနာတွေ မြူမရှိ၊
ဇမ္ဗူ့တစ်ခွင်မှာ
တုယှဉ်စရာ ပြိုင်ဘက်ကင်းလိမ့်
အောင်ခြင်းပီတိ။ ။

**စန်းထက်(ဖန်ခါးမြေ)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# လာမည့်နှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင် ရုရှားနိုင်ငံသို့သွားရောက်နိုင်



**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၂၅ ခုနှစ်အတွင်း ရုရှားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်းရုရှားနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ယင်းခရီးစဉ်အတွက် နှစ်ဖက်တာဝန်ရှိသူများက အစီအစဉ်များ ရေးဆွဲနေကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အိုင်ဂေါ်မော်ဂူလော့ဗ်က ရုရှားပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်သတင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်အတည်ပြုခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ပြီးခဲ့သည့်နှစ်မေလက တရုတ်နိုင်ငံသို့ သွားရောက်၍တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည်လည်း ၂၀၂၃ ခုနှစ်အတွင်း ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် မကြာသေးမီနှစ်များအတွင်းစစ်ရေး၊ နိုင်ငံရေးနှင့်စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လာခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂျာမနီအောက်လွှတ်တော်ကို သမ္မတ ဝေါလ်တာစတိန်းမေယာ ဖျက်သိမ်း



**ဘာလင် ဒီဇင်ဘာ ၂၈**

ဂျာမနီသမ္မတ ဝေါလ်တာစတိန်းမေယာသည် ဒီဇင်ဘာ ၂၇ ရက်တွင် ဂျာမနီအောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပနိုင်ရေးအတွက် သမ္မတဝေါလ်တာစတိန်းမေယာက အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်ဦးဆောင်သော ညွန့်ပေါင်းအစိုးရ ပြိုကွဲခဲ့ရပြီးနောက် ဂျာမနီနိုင်ငံသည် အောက်လွှတ်တော် ရွေးကောက်ပွဲများကို လာမည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများကို မျှမျှတတဖြင့် ပွင့်လင်းမြင်သာမှုရှိစွာပြုလုပ်ကြရန်လည်း ဂျာမနီသမ္မတ ဝေါလ်တာစတိန်းမေယာက နိုင်ငံရေးပါတီများကို တိုက်တွန်းထားသည်။

ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်၏ ညွန့်ပေါင်း အစိုးရအဖွဲ့သည် လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ယခုလအစောပိုင်းတွင် ပြိုကွဲခဲ့ရသည်။

သို့ရာတွင် ဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်အနေဖြင့် အစိုးရအဖွဲ့သစ်တစ်ဖွဲ့ ပေါ်ထွက်လာချိန်ထိ အိမ်စောင့်အစိုးရကို ဆက်လက်ဦးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အီတလီနိုင်ငံထုတ် တိုက်လေယာဉ် ၁၂စင်း ဝယ်ယူရန် ဩစတြီးယားနိုင်ငံ စီစဉ်ထား



**ဗီယင်နာ ဒီဇင်ဘာ ၂၈**

ဩစတြီးယားနိုင်ငံသည်အီတလီနိုင်ငံထုတ် အမ်-၃၄၆ အက်ဖ်အေ တိုက်လေယာဉ် ၁၂ စင်းကို ဝယ်ယူရန်စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြီးယားနိုင်ငံသည် အမ်-၃၄၆ အက်ဖ်အေ တိုက်လေယာဉ်များကို ၂၀၂၀ ပြည့်နှစ်တွင် စတင်အနားပေးခဲ့သော ဆွီဒင်နိုင်ငံထုတ် ဆက်ဘ်-၁၅၀ လေယာဉ်များ နေရာတွင် အစားထိုးအသုံးပြုမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဩစတြီးယားအစိုးရသည် အမ်-၃၄၆ အက်ဖ်အေ တိုက်လေယာဉ်၁၂စင်းဝယ်ယူရေးသဘောတူညီချက်ကို အီတလီကာကွယ်ရေး ဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုး ထားပြီးဖြစ်ကြောင်း သိရသည်။

အမ်-၃၄၆ အက်ဖ်အေ တိုက်လေယာဉ် ၁၂ စင်း ဝယ်ယူရေးသဘောတူညီချက်တွင် တန်ဖိုးအတိအကျကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် ယင်းတိုက်လေယာဉ်များဝယ်ယူရေးအတွက် အသုံးစရိတ်အဖြစ် ဩစတြီးယားအစိုးရကအမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဘီလီယံ သတ်မှတ်ထားကြောင်း ဩစတြီးယား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမ်-၃၄၆ အက်ဖ်အေတိုက်လေယာဉ်များကို အမောင်းသင်လေယာဉ်များ၊ မြေပြင်ထိုးစစ်သုံးလေယာဉ်များအဖြစ် အသုံးပြုရန် ဩစတြီးယားနိုင်ငံက ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဝန်ကြီးချုပ်မန်မိုဟန်ဆင်း၏စျာပနကို ဒေလီမြို့ ယမုံနာမြစ်ကမ်း၌ ကျင်းပ

**ဒေလီ ဒီဇင်ဘာ ၂၈**

ကွယ်လွန်သူ အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း၏ ရုပ်ကလာပ်ကို ယနေ့တွင် နိုင်ငံတော်အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်း၏ စျာပနကို နယူးဒေလီမြို့ ယမုံနာမြစ်ကမ်းပေါ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ဩဇာအကြီးဆုံးနိုင်ငံရေး ခေါင်းဆောင်များထဲတွင် အပါအဝင်ဖြစ်သော မန်မိုဟန်ဆင်းသည် ဒီဇင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၂ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

မန်မိုဟန်ဆင်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ အိန္ဒိယဝန်ကြီးချုပ်ရာထူးကို သက်တမ်းနှစ်ဆက် ဆက်တိုက်ရယူနိုင်ခဲ့သူဖြစ်သည်။

မန်မိုဟန်ဆင်း၏ ၁၀ နှစ်ကြာဦးဆောင်မှုအတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မြင့်တက်လာခဲ့ပြီး အိန္ဒိယပြည်သူသန်းပေါင်းများစွာလည်း ဆင်းရဲတွင်းမှ လွတ်မြောက်ခဲ့သည်။

မန်မိုဟန်ဆင်း၏ စျာပနအခမ်းအနားသို့ လက်ရှိ အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# မော်ရိုကိုကမ်းလွန်တွင် ရေယာဉ်နစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၆၉ ဦး သေဆုံးခဲ့ရ

**ဘာမာကို ဒီဇင်ဘာ ၂၈**

အနောက်အာဖရိကမှ စပိန်နိုင်ငံ ကနေရီကျွန်းစုသို့ ဦးတည်ထွက်ခွာလာသည့် ရေယာဉ်တစ်စီးသည် မော်ရိုကိုနိုင်ငံ ကမ်းလွန်၌ နစ်မြုပ်ခဲ့ရာ အနည်းဆုံး လူ ၆၉ဦး သေဆုံးခဲ့ရကြောင်း မာလီအစိုးရက ဒီဇင် ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်သည် ကနေရီကျွန်းစုသို့ဦးတည်မောင်းနှင်နေစဉ် ဒီဇင်ဘာ ၁၉ ရက်တွင် မော်ရိုကိုနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း မာလီတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

နစ်မြုပ်ခဲ့သော ရေယာဉ်ပေါ်တွင် လူပေါင်း ၈၀ ဝန်းကျင်ခန့် လိုက်ပါလာရာ ၁၁ ဦးသာအသက်ရှင်ခဲ့ကြောင်း မာလီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အနောက်အာဖရိကမှ ကနေရီကျွန်းစုသို့ရောက်ရှိသည့် အတ္တလန္တိတ် လူဝင်မှုလမ်းကြောင်းကို စပိန်နိုင်ငံသို့သွားရောက်မည့် အာဖရိကနွယ်ဖွားရွှေ့ပြောင်းဝင်ရောက်သူများ အသုံးပြုတတ်ကြသည်။

ယခုနှစ်အတွင်း အာဖရိကအနောက်ဘက် ကမ်းရိုးတန်းမှ ကနေရီကျွန်းစုဆီသို့ သွားရောက်နေချိန် ရေယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၉၇၅၇ဦးထိ ရှိခဲ့သည်။

အနောက်အာဖရိကနှင့် ကနေရီကျွန်းစုကြား ရေလမ်းကြောင်းသည် ဘေးအန္တရာယ်အများဆုံး လူဝင်မှုလမ်းကြောင်းများထဲတွင် ပါဝင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Parker နေလေ့လာရေးအာကာသယာဉ်က နေမျက်နှာပြင်ကို အနီးဆုံးအကွာအဝေးမှ ဖြတ်ကျော်ပျံသန်းခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

Parker နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်ကို အနီးဆုံးအကွာအဝေးမှ ဖြတ်ကျော်ပျံသန်းခဲ့ပြီး မည်သည့် အထိအခိုက်မျှ မရှိခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က ဒီဇင်ဘာ ၂၇ ရက်တွင် ကြေညာထားသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် ဒီဇင်ဘာ ၂၄ ရက်တွင် နေမျက်နှာပြင်ကို မိုင် ပေါင်း ၃ ဒသမ ၈ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းခဲ့သည်။

ထိုကဲ့သို့ နေမျက်နှာပြင်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့သော်လည်း Parker နေလေ့လာရေးအာကာသယာဉ်သည် အထိအခိုက် အပျက်အစီးမရှိခဲ့ဘဲ စူးစမ်းလေ့လာရေး လုပ်ငန်းများကို ပုံမှန်လုပ်ဆောင်နိုင်ဆဲဖြစ်ကြောင်း နာဆာကြေညာချက်တွင် ဖော်ပြထားသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် နေမျက်နှာပြင်ကို ၂၂ ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၂၄ ရက်က အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ၁၈၀၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိသော အပူချိန်ဖြင့်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် နေကိုအနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ပြီးနောက် ယာဉ်၏အခြေအနေအသေးစိတ်ကို လာမည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့နိုင်ဖွယ်ရှိကြောင်း သိရသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် ဒီဇင်ဘာ ၂၄ ရက်က နေမျက်နှာပြင်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းရာတွင် တစ်နာရီလျှင် မိုင် ၄၃၀၀၀၀ နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## APM 08279+5255 ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေတစ်ခုကို ဗဟိုပြုလှည့်ပတ်နေသော ရေမရေထုကြီးတစ်ခု သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ


**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

APM 08279+5255 အမည်ရှိ ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေ (ကွာဆာ)တစ်ခုကို ဗဟိုပြုလှည့်ပတ်နေသော ရေမရေထုကြီးတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

APM 08279 ကြယ်စုဗဟိုချက် စွမ်းအင်နယ်မြေသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂ ဘီလီယံအကွာတွင် တည်ရှိသည်။

သို့ရာတွင် ၎င်းကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေ၏ မဟာအာကာသတွင်းနက်က အနီးဝန်းကျင်ရှိ ဓာတ်ငွေ့များကို ဝါးမျိုနေချိန်တွင် အာကာသတွင်းနက်ဝန်းကျင်၌ အပူဓာတ်ပြင်းထန်လာမှုကြောင့် ရေမော်လီကျူးများ တည်ရှိနေမှုကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

APM 08279 ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေကို ဗဟိုပြုလှည့်ပတ်နေသော ရေမော်လီကျူးပမာဏသည် ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများတွင်တည်ရှိနေသော ရေပမာဏထက် အဆပေါင်း ထရီလီယံ ၁၄၀ ထိပိုများကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။



APM 08279 ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေရှိ မဟာအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ဘီလီယံ ၂၀ ခန့်ထိ ပိုကြီးမားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ APM 08279 ကြယ်စုဗဟိုချက် စွမ်းအင်နယ်မြေသည် နေအစင်းပေါင်း ထရီလီယံ ၁၀၀၀ နှင့် ညီမျှသည့် စွမ်းအင်များကို ထုတ်လွှတ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မဟာအာကာသတွင်းနက်တစ်ခုက ထုတ်လွှတ်နေသည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ အာကာသဒြပ်ထည်တစ်ခုသို့ ရောက်ရှိနေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

မဟာ အာကာသတွင်းနက်တစ်ခုက ထုတ်လွှတ်နေသည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများသည် အမျိုးအမည်မသိ အာကာသ ဒြပ်ထည်တစ်ခုသို့ ရောက်ရှိနေကြောင်း အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ထူးဆန်းလှသည့် ၎င်းဖြစ်စဉ်ကို နာဆာက လွှတ်တင်ထားသည့် ချန်ဒရာ အာကာသရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ ထုတ်လွှတ်နေသော မဟာ အာကာသတွင်းနက်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၂ သန်းအကွာရှိ စင်တော်ရပ်စ်-အေ အမည်ရှိ ကြယ်စုအတွင်း တည်ရှိသည်။

ချန်ဒရာ အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ အထက်ပါ မဟာအာကာသတွင်းနက်က ထုတ်လွှတ်နေသော စွမ်းအင်ဆောင်အမှုန်စီးကြောင်းများသည် အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို အဆက်မပြတ် ထိမှန်နေသည်ကို တွေ့ရကြောင်း၊ အဆိုပါအမျိုးအမည်မသိအရာဝတ္ထုမှာ အရွယ်အစားကြီးမားသည့် ကြယ်ကြီးတစ်စင်းဖြစ်နိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Dyslexia ပြဿနာ၏အဓိကအကြောင်းတရား သုတေသနပညာရှင်များ ဖော်ထုတ်တွေ့ရှိထား

**အမ်စတာဒမ် ဒီဇင်ဘာ ၂၈**

ဦးနှောက်စွမ်းဆောင်ရည် မူမမှန်မှုကြောင့် စာရေးစာဖတ်သင်ယူရာတွင် အခက်တွေ့မှု ပြဿနာ (Dyslexia)၏ အဓိကအကြောင်းတရားကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Dyslexia၏ အဓိကအကြောင်းတရားမှာ ဦးနှောက်ဖွဲ့စည်းပုံအပေါ် အကျိုးသက်ရောက်မှုရှိတတ်သည့် မျိုးဗီဇအခြေခံ မော်လီကျူး (DNA)များ ဖြစ်နိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ DNA များ၌ မျိုးဗီဇဖောက်ပြန်မှု ရှိနေသူများတွင် လှုပ်ရှားမှုနှင့်စကားသံကို စိစစ်ပေးသော ဦးနှောက်နယ်မြေများကျုံ့ဝင်နေတတ်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

အာရုံနှဉ်ဖ်ဆဲလ်မျှင်များဖြင့် ဖွဲ့စည်းထားသည့် အထက်ပါ ဦးနှောက်နယ်မြေများ ထုထည်ကျုံ့ဝင်လာမှုသည် Dyslexia ပြဿနာနှင့် ဆက်စပ်နေကြောင်း နယ်သာလန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Dyslexia ပြဿနာသည် ဉာဏ်ရည်အပေါ် အကျိုးသက်ရောက်မှုမရှိသော်လည်း ၎င်းပြဿနာရှိသည့် ကလေးများမှာ ကျောင်း၌ စာရေးစာဖတ်သင်ယူရာတွင် အခက်တွေ့ကြရကြောင်း သိရသည်။

နယ်သာလန် သုတေသနပညာရှင်များသည် လူပေါင်း တစ်သန်းကျော်တို့၏ DNA အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗီတာမင်ဒီဆေးက သက်ကြီးပိုင်းများ ချော်လဲနိုင်ခြေ၊ အရိုးများကျိုးအက်နိုင်ခြေကို လျှော့ချနိုင်မှုမရှိ

**နယူးယောက် ဒီဇင်ဘာ ၂၈**

ဗီတာမင်ဒီ ဖြည့်စွက်ဆေးများသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်သော သက်ကြီးပိုင်းများ ချော်လဲကျနိုင်ခြေ၊ အရိုးများ ကျိုးအက်နိုင်ခြေတို့ကိုလျှော့ချပေးနိုင်မှုမရှိကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

ဗီတာမင်ဒီဓာတ် ချို့တဲ့ပါက အရိုးနှင့်ကြွက်သားများ ပျက်စီးထိခိုက်တတ်ပြီး သက်ကြီးပိုင်းများအနေဖြင့် ချော်လဲကျနိုင်ခြေ၊ အရိုးများကျိုးအက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဆေးပညာရှင်များက ယုံကြည်ထားသည်။

သို့ဖြစ်ရာ သက်ကြီးပိုင်းများအနေဖြင့် ချော်လဲကျနိုင်ခြေ၊ အရိုးများကျိုးအက်နိုင်ခြေတို့ကို လျှော့ချရေးအတွက် ဗီတာမင်ဒီ အားဖြည့်ဆေးများ နေ့စဉ်သုံးစွဲရန် ဆေးပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

သို့ရာတွင် အမေရိကန် ဆေးပညာ အကြံပေးအဖွဲ့တစ်ဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်ဒီ အားဖြည့်ဆေးများမှာ မျှော်လင့်ထားသကဲ့သို့ သက်ကြီးပိုင်းများ ချော်လဲကျနိုင်ခြေ၊ အရိုးများကျိုးအက်နိုင်ခြေတို့ကို လျှော့ချပေးနိုင်မှုမရှိကြောင်း သိရသည်။

သို့ဖြစ်ရာ သက်ကြီးပိုင်းများအနေဖြင့် ချော်လဲကျနိုင်ခြေနှင့် အရိုးများ ကျိုးအက်နိုင်ခြေတို့ကို လျှော့ချရာတွင် ဗီတာမင်ဒီနှင့် ကယ်လ်စီယမ် အားဖြည့်ဆေးများကို အားမကိုးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် စကော့တီရှက်ဖလာ လွဲချော်မည်

**ဟာဝိုင်ယီ ဒီဇင်ဘာ ၂၈**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ခရစ္စမတ်ပွဲတော်ကာလတွင် မိသားစုအတွက် ညစာပြင်ဆင်ပေးရင်း မတော်တဆ ညာဘက်လက် ဒဏ်ရာရရှိခဲ့သည့်အတွက်ကြောင့် လိုအပ်သော ဆေးကုသမှု ခံယူသွားမည်ဖြစ်ကြောင်း စကော့တီရှက်ဖလာက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

စကော့တီရှက်ဖလာသည် ယင်းဒဏ်ရာကြောင့် အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် မော်အီကျွန်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ စတင်ကျင်းပသွားမည့် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည့် The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် လွဲချော်ရတော့မည်လည်းဖြစ်သည်။

စကော့တီရှက်ဖလာသည်ယခုနှစ်အတွင်း အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သလို ရာသီအကုန်တွင်လည်းကမ္ဘာ့အဆင့်(၁) နေရာဖြင့်အဆုံးသတ်နိုင်ခဲ့ကာ ယခုနှစ် ဂေါက်သီးရိုက်ရာသီ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုလည်း ရရှိခဲ့သည်။

စကော့တီရှက်ဖလာအနေဖြင့် ရရှိထားသည့် ဒဏ်ရာကြောင့် မည်သည့်ကာလအထိ အနားယူရမည်ကို မသိရသေးသလိုခွဲစိတ်ကုသမှုခံယူရဖွယ် ရှိ၊ မရှိကိုလည်း လိုအပ်သော စစ်ဆေးမှုပြုလုပ်သွားရမည်ဖြစ်သည်။

စကော့တီရှက်ဖလာ၏ မန်နေဂျာဖြစ်သူ ဘလိတ်စမစ်က "စကော့တီရှက်ဖလာဟာ ခရစ္စမတ်နေ့က မိသားစု ညစာစားပွဲလေးအတွက် ပြင်ဆင်ရင်း ညာဘက်လက်ဖဝါးမှာ ပုလင်းကွဲစိုက်သွားခဲ့တယ်။ ပုလင်းကွဲစအသေးလေးက အသားထဲမှာ ကျန်နေခဲ့တဲ့အတွက်ကြောင့် ခွဲစိတ်ကုသမှုခံယူသွားရဖွယ်ရှိနေတယ်။ စကော့တီရှက်ဖလာကတော့ ခွဲစိတ်ပြီးတော့ အသားထဲကျန်နေတဲ့ ပုလင်းကွဲစကို ဖယ်ရှားပြီးရင်လဲ ရက်သတ္တသုံးပတ်ကနေ လေးပတ်အတွင်း ပြန်ကောင်းနိုင်တယ်လို့တော့ပြောပါတယ်။ စကော့တီအနေနဲ့လဲ ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ အောင်မြင်မှုတွေအတွက် ရည်ရွယ်ပြီးတော့ လေ့ကျင့်ပြင်ဆင်မှုတွေ အမြန်ဆုံးပြုလုပ်သွားဖို့ ဆန္ဒရှိနေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းက လာမည့်ပွဲစဉ် (၁၉) တွင် ဝက်စ်ဟမ်းကို အနိုင်ရပါက နည်းပြစလော့အနေဖြင့် အဝေးကွင်းပွဲစဉ်တွင် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကိုရရှိမည်ဖြစ်ကြောင်း သိရသည်။
- ❑ ယူနီယံဘာလင်အသင်းက အမှတ်ပေးပွဲ ၁၅ ပွဲအပြီးတွင် ရမှတ် ၁၇ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့် ၁၂ သို့ ရောက်ရှိခဲ့သောကြောင့် နည်းပြအက်ဗန်ဆန်ကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- ❑ ဂျူဗင်တပ်အသင်းက စီးရီးအေပြိုင်ဘက် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီကို စတာလင်ပေါင်သန်း ၂၀ ဖြင့် သဘောတူညီမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။ **ML**

# MFF Vita Max Futsal League-IIပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များ စတင်ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League–II ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Vita Max Futsal League–IIပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက TG United အသင်းနှင့် Black Crossအသင်းတို့ ကစားခဲ့ရာ TG United အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီက 7 Brother FCအသင်းနှင့် May Yar FCအသင်းတို့ကစားခဲ့ရာ 7 Brother FCအသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက 7 Drgon FCအသင်းနှင့် KKY FC အသင်းတို့ကစားခဲ့ရာ KKY FC အသင်းက လေးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီက Pacific Sun Far FC အသင်းနှင့် Shwe Pyi Thar Unitedအသင်းတို့ ကစားခဲ့ရာ Pacific Sun Far FC အသင်းက ၁၀ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲက JZ Yangon FCအသင်းနှင့် Let Wel Thone Naraအသင်းတို့ ကစားခဲ့ရာ JZ Yangon FCအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ညနေ ၄နာရီက Gold Dream FCအသင်းနှင့် YCDC Marga Youthအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

# ဆာကာ၏နေရာတွင် ချူကွယ်ဇီကိုအစားထိုးရန် အာဆင်နယ်အသင်းထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၈**

အာဆင်နယ်အသင်းသည် ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသည့် ဆာကာ၏နေရာတွင် အစားထိုးရန်အတွက် အေစီမီလန်အသင်း တောင်ပံကစားသမား ချူကွယ်ဇီကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြ အာတီတာအနေဖြင့် ပရီးမီးယားလိဂ်ဆုဖလားကို စိန်ခေါ်နိုင်ရန်အတွက် ဆာကာ၏နေရာတွင် အစားထိုးအသုံးပြုနိုင်မည့် ချူကွယ်ဇီကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး အေစီမီလန်အသင်းက စိတ်ဝင်စားနေသည့် ခံစစ်ကစားသမားကီဝီရော်ကို အလိုက်ပေး၍ ကမ်းလှမ်းမှု ပြုလုပ်သွားမည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိ တောင်ပံကစားသမားဆာကာသည် အသင်းနှင့်အတူ ပြိုင်ပွဲစုံပွဲပေါင်း ၂၅၀ ထိ ပါဝင်ကစားခဲ့ပြီး ယခုနှစ်တွင် သုံးပွဲသာလွဲချော်ခဲ့ကာ သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အဓိကကစားသမားအဖြစ်ရပ်တည်နေသဖြင့် အသင်းအတွက်ထိုးနှက်ချက်ဖြစ်ခဲ့ကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။





အာဆင်နယ် အသင်းသည် အိုဒီဂတ်ဒဏ်ရာရရှိချိန်တွင် ရလဒ်ပိုင်းဆိုးရွားခဲ့သဖြင့် ဆာကာဒဏ်ရာရရှိချိန်တွင်လည်း အသင်းရလဒ်ပိုင်းကျဆင်းမည်ကို စိုးရိမ်သောကြောင့် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ရက်ထိကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ကရင်နှစ်သစ်ကူး အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ကရင်ပြည်နယ် ဖလုံပညာ့ဝေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ငါးချီစိန်ခေါ်ပွဲ၊ သုံးချီစိန်ခေါ်ပွဲများအပြင် ၁၀ သိန်းတန် အောင်လံပွဲစဉ်များကိုပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပထမရက်ဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက်တွင် သက်ပိုင်အောင်နှင့် အောင်ကောင်းကျော်၊ ချစ်စရာနှင့် ရွှေကရင်လေး၊ ပြည့်စုံအောင်နှင့် အဲမူးထောင့်၊ အောင်ရဲလင်းနှင့်ဖိုးဒီ၊ သျှူးခလိန်းအောင်နှင့် မင်းကျော်၊ ဒါးဒါးနှင့် အောင်နေဆန်း၊ ဝေထက်အောင်နှင့် လားဘွယ်ထူး၊ ဟန်ဝင်းထွန်းနှင့် မိုက်ခဲ၊ကြယ်လင်းထူးနှင့်ဖွဲမိုးဦး၊ ချစ်ဝိုင်းဝိုင်းနှင့် မြလုံးချော၊ အောင်နေထူးနှင့် အာရှနဂါး၊ ရဲသွေးနီနှင့် ကမ္ဘာရှား(ဇာနည်မောင်)တို့ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြိုင်ပွဲ ဒုတိယရက်ဖြစ်သည့် ဇန်နဝါရီ ၁ ရက်တွင် နေရိုင်းနှင့် အောင်ထွန်းဗိုလ်၊ ကမ္ဘာရှား(ဖလုံပညာ့တဝေါင်)နှင့် အောင်မျိုးမင်း၊ စောလှမြင့်နှင့် အောင်မျိုးနိုင်၊ပါပွဲသွီးနှင့် ကျောက်ရိုင်း၊ စောရဲနောင်နှင့်သန့်စင်အောင်၊ စိုးကြီးနှင့် နေလှအောင်၊ ဖွဲ့ထက်အောင်နှင့် မိုးမြင့်အောင်၊ စောညွှန့်အောင်နှင့် ဒေါနကျား၊ ရွှေမိုးမျှော်နှင့် စောဖိုးခွား၊ စိန်သန်းဦးနှင့် ထွန်းဇော်၊ ကျော်ဆန်းမင်းနှင့်ခိုင်ချူး၊လင်းထက်အောင်နှင့် ဒိုးလေး၊ နေထူးထူးနှင့် သျှူခလိန်းမင်းတို့ ထိုးသတ်မည်ဖြစ်သည်။

ဆက်လက်ပြီး နောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီ ၂ ရက်တွင် အောင်မင်းထွန်းနှင့်ကြယ်စင်ထွန်း၊ ကျော်ရဲမင်းနှင့် ဖွဲယက္ခ၊ လှမင်းအောင်နှင့် ကျော်ကြီး၊ ရွှေအိုးနှင့် အောင်မင်းထက်၊ အောင်ကျော်မိုးနှင့် ရှမ်းတောက်၊ အဲသာခလိန်းနှင့် စောနေတိုး၊ ရွှေဖိုးချစ်နှင့် ရိုးရိုးလေး၊ နဂါးလေးနှင့် ဝရိန်သွေး၊ နက္ခမင်းနှင့် အဖိုးသွေး၊ စောဟီဖောင်နှင့် စောရဲသွေး၊ ခေတ်သူးနှင့် ခလိန်းဖောင်၊ စောရှားအွာနှင့် ဇော်ရဲထက်၊ စိုးနောင်ဦးနှင့် စီတိုး၊ စောမင်းအောင်နှင့် ရန်နိုင်ထွန်း၊ ကြယ်လင်းအောင်နှင့် သပြေညို တို့ ထိုးသတ် သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Globe Soccer Award ဆုပေးပွဲတွင် တိုက်စစ်မှူးဗင်နီစီးယက်စ်ဆုနှစ်ခု ဆွတ်ခူး

ဒူဘိုင်း ဒီဇင်ဘာ ၂၈

ဒူဘိုင်း အားကစားကောင်စီက ချီးမြှင့်ပေးအပ်သည့် Globe Soccer Award တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်က တစ်နှစ်တာ အကောင်းဆုံးအမျိုးသားကစားသမားဆုနှင့် တစ်နှစ်တာအကောင်းဆုံး တိုက်စစ်ကစားသမားဆုနှစ်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။



ဒူဘိုင်း အားကစားကောင်စီက Globe Soccer Award တစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲအခမ်းအနားတွင် ပေးအပ်သည့် ဆုများကို ဆန်ခါတင်စာရင်းရွေးချယ်ပြီး ပရိသတ်များထံ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဗင်နီစီးယက်စ်သည် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည့် ကာဗာဂျယ်၊ ဘယ်လင်ဟမ်၊ အမ်ဘက်ပီ၊ တိုနီခရူးစ်၊ ဂရစ်မန်းဇ်၊ ဂရိုကာရက်ဇ်၊ ဟာလန်း၊ ဟယ်ရီကိန်း၊ လမိုင်းယာမယ်နှင့် လီဝမ်ဒေါစကီး၊ လွတ်မန်း၊ မာတီနက်၊ မက်ဆီ၊ စီရော်နယ်ဒိုတို့နှင့်အတူ ပါဝင်လာခဲ့ပြီးနောက် ပြိုင်ဘက်များကို ကျော်ဖြတ်ပြီးဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် Ballon d'Or ဆုနှင့် လွဲချော်ခဲ့ရသော်လည်း ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသားကစားသမားဆုကို ရရှိခဲ့သည့်အပြင် ယခုအခါတွင်လည်း Globe Soccer တစ်နှစ်တာအကောင်းဆုံးအမျိုးသား ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Globe Soccer Award တစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲတွင် အခြားဆုများအဖြစ် တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်၊ တစ်နှစ်တာအကောင်းဆုံး အမျိုးသားနည်းပြဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ နည်းပြ အန်ဆယ်လော့တီ၊ တစ်နှစ်တာ အကောင်းဆုံးအသင်းဆုကို ရီးရဲလ်မက်ဒရစ်အသင်း၊ တစ်နှစ်တာ အကောင်းဆုံး အရှေ့အလယ်ပိုင်းဒေသ ကစားသမားဆုနှင့် ထာဝရ သွင်းဂိုးအများဆုံး ကစားသမားဆုကို အယ်နာဆာအသင်းမှ စီရော်နယ်ဒို၊ တစ်နှစ်တာအကောင်းဆုံး ကွင်းလယ် ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Globe Soccer.com

Trs : STA

# MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ကစားမည့် မြန်မာ့လက်ရွေးစင်လူငယ်အသင်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပလျက်ရှိသည့် MFF U-15 Boys League 2024-2025(ရန်ကုန်ဇုန်)ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး MFF Training Field 1 နှင့် 2 တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF U-15 Boys League 2024-2025 (ရန်ကုန်ဇုန်)ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက Royal Yangon FC အသင်းနှင့် The Honour FC အသင်းတို့ ကစားခဲ့ရာ Royal Yangon FC အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ Mingalardon City FC အသင်းနှင့် Yangon Focus FC အသင်းတို့ ကစားခဲ့ရာ Yangon Focus FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ညနေပိုင်းက Shwe Pyi Thar FC အသင်းနှင့် Southern Yangon Star FC အသင်းတို့ကစားခဲ့ရာ Shwe Pyi Thar FCအသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ Burmese Youth FC အသင်းနှင့် Yangon Taungzalatt FCအသင်းတို့ ကစားခဲ့ရာ Burmese Youth FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA



# United Cup တင်းနစ်ပြိုင်ပွဲ Group E တွင် တရုတ်အသင်းအနိုင်ရရှိ

ကင်ဘာရာ ဒီဇင်ဘာ ၂၈

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲ၏ Group E အုပ်စုအတွင်း အုပ်စုပွဲစဉ် တစ်ပွဲအဖြစ် တရုတ်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ တရုတ်အသင်းက ဘရာဇီးအသင်းကို (၃-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။



ယင်းပွဲစဉ်တွင် တစ်ဦးချင်းပွဲစဉ်များအဖြစ် တရုတ်အသင်းမှ ဂေါင်ကျင်းယူနှင့် ဘရာဇီးအသင်းမှ ဟက်ဒက်မိုင်ယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာပြီး နာမည်ကြီးကစားသမား ဟက်ဒက်မိုင်ယာကို ဂေါင်ကျင်းယူက (၅-၇၊ ၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယ တစ်ဦးချင်းပွဲစဉ်အဖြစ် တရုတ်အသင်းမှ ကျောင်းကျီကျန်နှင့် ဘရာဇီးအသင်းမှ မွန်တီရိုတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ကျောင်းကျီကျန်က (၆-၁၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

နှစ်ယောက်တွဲ ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ တရုတ်အသင်းမှ ကျောင်းကျီကျန်နှင့် ရှုအိုင်ကျောင်တို့အတွဲက ဘရာဇီးအသင်းမှ အဲလ်ဗက်စ်နှင့် မာတိုစ့်တို့အတွဲကို (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး(၃-၀)ရလဒ်ဖြင့် တရုတ်အသင်းက ပြတ်ပြတ်သားသား အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျောင်းကျီကျန်က "ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရတာ ခက်ခဲပါတယ်။ ဒါပေမယ့်လဲ ကျွန်တော်တို့ တရုတ်အသင်းက အသင်းသားတွေအားလုံးအကောင်းဆုံးလုပ်ပြနိုင်ခဲ့တယ်။တစ်ဦးချင်းစီလိုက် အကောင်းဆုံးတာဝန်ကျေခဲ့သလို စွမ်းဆောင်ရည်ကောင်းတွေပြသနိုင်ခဲ့ပါတယ်။ အားလုံးကိုယ်စီတာဝန်ကျေခဲ့ကြလို့လဲ အခုလိုပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ၂၀၂၅ ခုနှစ်အကောင်းဆုံးကစားသမားဆုအတွက် ဆာလာဟ်ထိပ်ဆုံးမှ ဦးဆောင်

လန်ဒန် ဒီဇင်ဘာ ၂၈

၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အသင်းအတွက် ခြေစွမ်းပြဂိုးသွင်းယူနိုင်ခဲ့သည့် အကောင်းဆုံး ကစားသမား စာရင်းတွင် တိုက်စစ်မှူး ဆာလာဟ်ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး ဆာလာဟ်သည် ယခုရာသီနည်းပြ စလော့လက်အောက်တွင် ပုံမှန်ဂိုးသွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်နှင့် ပရီးမီးယားလိဂ် ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၀ နှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ် ဘောလွန်းဒီအော်ဆုအတွက် ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။

၎င်းနောက်တွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ဗင်နီစီးယက်စ်က အဆင့် (၂)၊သွင်းဂိုး ၂၀ နှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်ထားသည့် ရာဖင်ဟာက အဆင့် (၃)၊ သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်ထားသည့် မူစီအာလာက အဆင့် (၄)၊ သွင်းဂိုး ၂၄ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်ခဲ့သည့် လီဝမ်ဒေါစကီးက အဆင့် (၅)၊ သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု ၂၄ ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ယာမယ်က အဆင့် (၆)၊ သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်ခဲ့သည့် တိုက်စစ်မှူး အမ်ဘက်ပီက အဆင့် (၇)၊ သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ပြုလုပ်နိုင်ခဲ့သည့် ဟယ်ရီကိန်းက အဆင့် (၈)၊ သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့သည့် ပယ်မာက အဆင့် (၉)၊ သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည့် ဖလိုရီယန်ဝစ်က အဆင့် (၁၀)တွင် ရပ်တည်နေသည်။

ယခုနှစ်အတွက် ဘောလွန်းဒီအော်ဆု ကစားသမားစာရင်းတွင် စီရော်နယ်ဒိုနှင့် မက်ဆီတို့ပါဝင်ခဲ့ခြင်းမရှိဘဲ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီက အကောင်းဆုံးဆု ရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဒေးဗစ်ကွယ်လာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း နာကာတာနီအတည်ပြု

ကိုတိုကူ ဒီဇင်ဘာ ၂၈

WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား နာကာတာနီက မက္ကဆီကို လက်ဝှေ့သမားဒေးဗစ်ကွယ်လာနှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဂျပန်နိုင်ငံ ကိုတိုကူမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း နာကာတာနီက ယနေ့တွင် ပြောကြားခဲ့သည်။

နာကာတာနီသည် ယခုနှစ် ဖေဖော်ဝါရီလတွင် မက္ကဆီကို လက်ဝှေ့သမား ဆန်တီယာဂိုကို အနိုင်ထိုးသတ်ခဲ့ပြီးနောက် WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီး ယခုနှစ် ဇူလိုင် ၂၀ ရက်တွင် လက်ရှိချန်ပီယံဆုအား အောင်မြင်စွာ ကာကွယ်ထိုးသတ်နိုင်ခဲ့ပြီးနောက် ယခုနှစ်အောက်တိုဘာ ၁၄ ရက်တွင် လက်ရှိချန်ပီယံအားထပ်မံကာကွယ်ထိုးသတ်ခဲ့ရာ တစ်နှစ်အတွင်း စိန်ခေါ်ပွဲသုံးပွဲထိ ထိုးသတ်ခဲ့သူဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် နာကာတာနီသည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၂၉ ပွဲ ထိုးသတ်ခဲ့ပြီးရှုံးပွဲ မရှိသေးသည့်ကမ္ဘာ့ချန်ပီယံတစ်ဦး ဖြစ်သည်။

နာကာတာနီ ထိုးသတ်သွားမည့် အသက် ၂၃ နှစ်အရွယ် ဒေးဗစ်ကွယ်လာသည်လည်း ကစားသမားဘဝသက်တမ်းတစ်လျှောက်စိန်ခေါ်ပွဲပေါင်း ၂၈ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ ဒေးဗစ်ကွယ်လာသည် WBC စူပါဖလိုင်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ဖူးသော်လည်း ကမ္ဘာ့ချန်ပီယံကို ဆွတ်ခူးနိုင်ခဲ့ဖူးခြင်း မရှိသေးဘဲ ကစားသမားဘဝ၏ ပထမဆုံးသော ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် ပစ်မှတ်ထားနေသည့် ကစားသမားဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စာမတတ်သူများအတွက် ဆရာကြီးမင်းသုဝဏ်၏ ဝ.ထ.က.လ.သနှင့် စာသင်ခရီး

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားအားလုံး စာတတ်မှသာ နိုင်ငံ၏အခြေအနေ တိုးတက်ကောင်းမွန်မည်ဖြစ်၏။ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စည်ပင်စေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာပေါ်ထွန်းလာစေရန် လူတိုင်းစာတတ်သင့်သည်။ ထို့ပြင် "အသိလိမ္မာစာမှာရှိ"ဆိုသကဲ့သို့ အလိမ္မာတရားများရှိသော "စာ"ကိုလည်း ဖတ်သင့်သည်။

ထို့ကြောင့် လူတိုင်းစာတတ်မြောက်ကြစေရန် မြို့မှသည် ကျေးလက်တောရွာဒေသများသို့တိုင် ခရီးဆန့်၍ စာပေသင်ကြားရေး၊ လူတိုင်းစာတတ်ရေး၊ စာမတတ်သူပပျောက်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရသည်။ အကြောင်းအမျိုးမျိုးကြောင့် စာပေမသင်ကြားနိုင်ခဲ့သော ကျေးလက်တောရွာနေကြသူများအတွက် သက်ကြီးစာပေသင်ကြားမှုဖြစ်သော "အသုံးလုံး" ကျေ စာပေသင်ကြားမှုများကိုလည်း လုပ်ငန်းတစ်ရပ်အဖြစ်ချမှတ်ကာ ဆောင်ရွက်ခဲ့ခြင်းနှင့် ဆောင်ရွက်ဆဲအဖြစ်လည်း လုပ်ကိုင်နေသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးဖွံ့ဖြိုး၍ ပညာရေး၊ လူမှုရေးများ တိုးတက်နေသည်နှင့်အမျှ လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာသောကြောင့် ကမ္ဘာကြီးအတွင်းက မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ရင်ဘောင်တန်းကြိုးစားနေသော နိုင်ငံဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်က မြန်မာဟူသော ကြွေးကြော်သံနှင့်အတူ ရပ်တည်နိုင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံသားတိုင်း စာတတ်ကြရမည်။ စာတတ်ကြရန်လိုသည်၊ စာဖတ်ကြဖို့လိုသည်။

ဤသို့ စာမတတ်သူ ကြီးငယ်မဟူအတွက် သာမက အသက်အရွယ်လွန် အဘိုး၊ အဘွားတို့ပါ သင်ကြားနိုင်သည့် အသုံးလုံးကျေ သက်ကြီးစာပေ၏ခရီးအစ စာတွေအစကို နည်းစနစ်တစ်ရပ်ရှာဖွေကာ စခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စာပေတတ်မြောက်ရေးလှုပ်ရှားမှုတွင် အသုံးလုံးဟုခေါ်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဟူသော စာပေသင်ကြားမှုဖြတ်လမ်းစနစ်ကို ထိရောက်သောနည်းစနစ်အဖြစ် စခဲ့ကြသည်။ ဤသုံးမျိုးသည် အလွယ်ကူဆုံးဖြစ်ခဲ့သောကြောင့် စာမတတ်သူများ စာတတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း စာမတတ်သူပပျောက်ရေး အစီအစဉ်ကို ရေးဆွဲပြီးသောအခါ အလွယ်ကူဆုံး သင်ကြားနည်းကို အသုံးပြုရတော့မည်ဖြစ်၍ ထိုအလွယ်ကူဆုံးနည်းစနစ် ပေါ်ပေါက်ရေးအတွက် အစခရီးကို ဆရာကြီးမင်းသုဝဏ်က တီထွင်ခဲ့သည်။

**❖ဆရာကြီးမင်းသုဝဏ်၏ စာမတတ်သူများ စာပေသင်ကြားနိုင်မည့် လွယ်ကူထိရောက်သောသင်ကြားမှုကို "ဝ.ထ.က.လ.သ"ဆိုသော အခြေခံ ပင်မစာလုံးငါးလုံးကိုမူတည်၍ ထိုစာလုံးငါးလုံးဖြင့် အရေး၊ အဖတ်၊ အတွက်ဟူသော "အသုံးလုံး"ခရီးကို စတင်ဖောက်ခဲ့သည်။ ဆရာကြီးသည် မိမိကိုယ်တိုင် စာပေသင်ကြားနေသူ၊ ကဗျာတွေ ရေးသားနေသူဖြစ်၍ စာသဘောကိုသိရှိသူပီပီ လွယ်ကူသောအခြေခံ စာလုံးများဖြင့် စာမတတ်သူများ စာတတ်နိုင်ရန်၊ စာဖတ်နိုင်ရန်၊ နည်းလမ်းဖွင့်ပေးခဲ့သော အသုံးလုံးကျေပညာသင်ကြားမှု၏ လက်ဦး ဆရာကြီးဖြစ်ခဲ့သည်။ ❖**

ဆရာကြီးမင်းသုဝဏ်၏ စာမတတ်သူများ စာပေသင်ကြားနိုင်မည့် လွယ်ကူထိရောက်သော သင်ကြားမှုကို "ဝ. ထ. က. လ. သ"ဆိုသော အခြေခံ ပင်မစာလုံးငါးလုံးကိုမူတည်၍ ထိုစာလုံးငါးလုံးဖြင့် အရေး၊ အဖတ်၊ အတွက်ဟူသော "အသုံးလုံး"ခရီးကို စတင်ဖောက်ခဲ့သည်။ ဆရာကြီးသည် မိမိကိုယ်တိုင် စာပေသင်ကြားနေသူ၊ ကဗျာတွေရေးသားနေသူဖြစ်၍ စာသဘောကို သိရှိသူပီပီ လွယ်ကူသောအခြေခံ စာလုံးများဖြင့် စာမတတ်သူများ စာတတ်နိုင်ရန် စာဖတ်နိုင်ရန်၊ နည်းလမ်းဖွင့်ပေးခဲ့သော အသုံးလုံး ကျေ ပညာသင်ကြားမှု၏ လက်ဦးဆရာကြီး ဖြစ်ခဲ့သည်။

နောက်ပိုင်းတွင်လည်း "အသုံးလုံး"အဖွဲ့ဝင်များ စုစည်းမှုနှင့် ကျေးရွာအရောက်ခရီးဆန့်၍ သင်ကြားမှုများကို လုပ်ဆောင်နေသည်ကိုလည်း သိရမည်ဖြစ်သည်။ တစ်ချိန်တစ်ခါက သင်ကြားမှုများကို သီဆိုဖျော်ဖြေမှုတေးသံများနှင့် ကျေးရွာများတွင် စာသံ၊ ပေသံညီစီခဲ့ပုံများကို အမှတ်ရအောက်မေ့စွာဖြင့် အသုံးလုံးစာပေသင်ကြားခဲ့ဖူးသူ သင်ကြားရေး စေတနာရှင်များ၏ အသုံးလုံးခရီးစဉ်ကို ဂုဏ်ပြုသော အားဖြင့် စာပေပညာရှင်၊ ကဗျာပညာရှင် မင်းသုဝဏ်၏ အသုံးလုံးခရီးအစတီထွင်ခဲ့မှုကို ဖော်ပြအပ်သည်။

သက်ကြီးစာပေဟုခေါ်သော စာပေသင်ကြား မှုအတွက် ဆရာကြီးမင်းသုဝဏ်၏ အတွေးမှာ သက်ကြီးရွယ်အိုစာမတတ်သူများကို အချိန်တို၊ ရက်တိုတိုနှင့် သင်ကြားပေးနိုင်ရန်အတွက် ဖတ်စာအုပ် ရေးရမည် မည်သို့ရေးလျှင်သင့်မည်နည်း၊ ကျွန်တော် ဉာဏ်မီသမျှ တွေးမိသည်။ ကျွန်တော်ငယ်စဉ်က ဘုန်းကြီးကျောင်းမှာ ဘယ်လိုသင်ခဲ့ရသလဲ။ နှစ်ပေါင်း နှစ်ဆယ်၊ အစိတ်ကို ဖောက်ထွင်း၍ ကျွန်တော် ပြန်လည်စဉ်းစားသည်။

တွေ့ပါပြီ "ဝ"လုံးကို စတင်ရေးခဲ့ရသည်။ စာအဖတ်သင်ရာတွင်လည်း နမောဗုဒ္ဓါယသိဒ္ဓံ...အ...အာ...ဣ...ဤ စသည်တို့ကို ဦးစွာရွတ်ဆိုခဲ့ရပြီး စာသင်စာရေးရာတွင်ကား ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံနှင့် "ဝ"လုံးကို ဆရာနှင့် လက်ချင်းထပ်၍ စတင်ရေးရသည်ကို ပြန်ပြောင်းသတိရလာသည်။

ထိုအခါ ဆရာကြီးမင်းသုဝဏ်၏ လက်တွေ့စာလုံးဖော်မှုမှာ မြန်မာအက္ခရာအရေးအသားတွင် "အက္ခရာဝန်း"ဟုခေါ်သော ယခုခေတ်ရေးသားပုံသည် "ဝ"အက္ခရာကို အခြေခံသကဲ့သို့ရှိ၍ ရှေးဆရာများက "ဝ"လုံးကို စတင်သင်ကြားပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အသုံးလုံးကျေသင်တန်းအတွက် "ဝ"လုံးသည် မင်္ဂလာရှိသောအနက်ကို ဆောင်ကြောင်း မှတ်သားရမည်ဖြစ်သည်ဟု မြန်မာပီပီ တွေးတောပုံဖော်မိ၏။

"ဝ"လုံးကိုရပြီးနောက် ဘာစာလုံးများရွေးချယ်ရပါမည်နည်း "ဝ"လုံးနှစ်လုံးဆက်လိုက်လျှင် "ထ" ဆင်ထူးကိုရသည်။ "ထ"ဆင်ထူးကို ထက်အောက်နှစ်ဖက်ကိုဖျက် ဟိုဖျက်ဒီဖျက်ပြသော် "က" ကြီးရပြီး ထက်အောက်ဖျက်သော် "လ"ရ၏။ "သ"ကိုလည်း ရမည်ဖြစ်၏။ ဤသို့ဆိုလျှင် ပဌမနေ့သင်ခန်းစာအတွက် "ဝ. ထ. က. လ. သ"ဆိုသော အက္ခရာငါးပါးကို ဖတ်တတ်ရန်၊ ရေးတတ်ရန် ရပါပြီ။ ဤမျှကား အရေးအဖတ်၊ အတွက် သုံးမျိုးတွင် "အရေး"အတွက် လွယ်လွယ်ရေးတတ်မှတ်တတ်ရန်ဖြစ်၏။

ဆရာကြီးမင်းသုဝဏ်၏ ဝ. ထ. က. လ. သ နှင့် စာသင်ကြားမှု ထပ်ဆင့်တိုး၍ စဉ်းစားပြန်သောအခါ "Look and Say Method"ကို သတိရသည်။ ကြောင်ရုပ်အောက်တွင် "CAT"ဟုရေးထားသည်ကို အင်္ဂလိပ်စကားပြောသူသည် ချက်ချင်းအသံထွက်ဖတ်နိုင်သောနည်းဖြစ်သည်။

ယခုအသုံးလုံးကျေဖတ်စာတွင်လည်း လူဝကြီးပုံအောက်တွင် "ဝ"လုံးကိုရေးထားလျှင် "ဝ"ဟု အသံထွက်ဖတ်နိုင်မည်ဟု တွေးမိသည်။

"ဝ"အတွက် လူဝကြီးပုံ "ထ"အတွက် မတ်တတ်ရပ်နေပုံ၊ "က"အတွက် ကချေသည်ပုံများကို ပန်းချီပုံဖြင့်ဖော်ပြလို့ရပြီး "လ"ပုံကို မိုးပေါ်က ဖိုးလမင်းကို ညွှန်ပြနိုင်၏။ "သ"ဆိုသော စာလုံးအတွက် ဓားသွေးသူ(ဓားသသူ) "ဆံသ"သူပုံဖော်ပြ၍ လွယ်ကူမည်မဟုတ်လျှင် လူငယ်တစ်ဦးလက်နှင့် ဆံပင်ကို "သ"နေပုံလုပ်လိုက်လျှင် ရပြီဖြစ်၏။

ဆရာကြီးမင်းသုဝဏ်၏"အသုံးလုံးကျေ"ဖတ်စာ စကားမှာ ဤသို့ဖြင့် အသုံးလုံးကျေဖတ်စာကို ရေး လိုက်ပြီးလျှင် ဒေါက်တာညီညီ ဦးဆောင်သော ကျွန်တော်တို့တစ်စုသည် ပန်း၊ သစ်သီးဝလံများဖြင့် အသက်မွေးဝမ်းကျောင်းပြုသော အမျိုးသမီးကြီးများကို စာစတင်သင်ပေးသည်။ အပိုအလိုညှိ၍ ပြုပြင်ကာ သင်ကြားမှုကိုပြုခဲ့သည်။

ထို့သို့ဖြင့် ဟိုယခင်တစ်ချိန်က ဆရာကြီးမင်းသုဝဏ်၏ "ဝ.ထ.က.လ.သ"ဟု ဂုဏ်ယူဝင့်ကြွားဆိုစကားနှင့် စာသင်ဝိုင်းစာသင်သားများ သောသောညံညံ စာအံခဲ့၊ စာသင်ခဲ့ကြသည့် ပုံရိပ်များနှင့် သင်ကြားကြသူ စေတနာရှင်များ၏ "ညမှာထိန်လင်း လပြည့်ဝန်းကို "လ"ခေါ်သဗျ အခေါ်ရ"အစချီသော တေးသံများ ပြန်လည်ကြားယောင်မိရင်း တစ်ချိန်တစ်ခါက ကျေးလက်တောရွာတွင် အသုံးလုံးကျေ သင်ကြားရေးသွားခဲ့၊ စာတွေသင်ခဲ့ရမှုကို ပြန်ပြောင်းသတိရမိသည်။

မြန်မာနိုင်ငံ၏ ထူးခြားသော အသုံးလုံးကျေ သင်ကြားမှု၏ရလဒ်မှာ တစ်နိုင်ငံလုံးစာတတ်ခဲ့ပါပြီ။ စာမတတ်သူမရှိတော့ပါ။ အားလုံးစာတတ်ပါပြီဟု ကြွေးကြော်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ အသုံးလုံးကျေ စာတတ်မြောက်ရေးလှုပ်ရှားမှု(The Mass Litenacy Movement)အဖြစ်ဆောင်ရွက်ခဲ့မှုများကြောင့် UN-ESCO အဖွဲ့က မြန်မာနိုင်ငံကို ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် "မိုဟာမက်ရီဇာပါလာဗီ"ဆုနှင့် "နိုမာဆု" တို့ကို ထိုက်တန်စွာချီးမြှင့်ခဲ့ခြင်းကို လက်ခံရရှိခဲ့ဖူးသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု၏ ကောင်းခြင်းရလဒ်ဟု ဂုဏ်ယူစွာခံစားမိခဲ့သည်။

လူတိုင်းလူတိုင်း စာတတ်သင့်သည်။ လူလူချင်း ပြောဆိုဆွေးနွေး အပြန်အလှန်ကူးလူးဆက်ဆံနိုင်ရန် လူတိုင်းစာတတ်ကြရန်လိုသည်။ လူတစ်ဦးချင်း အနိမ့်ဆုံးရှိသင့်သော လူ့အခြေခံစွမ်းရည်မှာ စာဖတ်တတ်မှု၊ စာရေးတတ်မှု၊ အတွက်အချက်တတ်မှု ဟူသော အရေး၊ အဖတ်၊ အတွက်ဆိုသည့် စွမ်းရည်သုံးရပ်ဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာတို့သည် "ပညာ"ကို အလွန်မြတ်နိုးတန်ဖိုးထားလေးစားကြသူများဖြစ်ကြောင်း မြင့်မားသော စာပေယဉ်ကျေးမှုများကိုပိုင်ဆိုင်ခဲ့ကြသူများပီပီ နိုင်ငံလုံးကျွတ် စာတတ်မှုဟူသောဂုဏ်ကိုလည်း ရရှိခံစားဖူးသည်။ ထို့ကြောင့် ယနေ့မည်မျှပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကြည့်စရာရှုစရာနည်းပညာများ ကြွယ်ဝပါစေ စာတတ်လာကြပြီးသူများ စာဖတ်ကြရန်လိုသည်။ စာတတ်သူများနှင့် မြန်မာနိုင်ငံသည် စာသံ၊ ပေသံ ညံစည်၍ နေစေချင်သည်။

ထို့ကြောင့် နိုင်ငံသားအားလုံး စာတတ်ကြရန် နည်းလမ်းရှာဖွေဖော်ဆောင်ခဲ့သော ဆရာကြီးမင်းသုဝဏ်နှင့် နိုင်ငံတော်၏ ခွင့်ပြုပါဝင်ကူညီမှု၊ ခေတ်အဆက်ဆက် ကျေးလက်တောရွာအရောက် စေတနာပြု အသုံးလုံးကျေ စေတနာလုပ်အားပေး စာပေသင်ကြားသူများ၊ စာပေသင်ကြားသင်ယူနေမှု မှတ်တမ်းများသည် မြန်မာနိုင်ငံအတွက် ဂုဏ်တက်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာလုပ်ငန်းများအဖြစ် စဉ်ဆက်မပြတ် အောက်မေ့သတိရစွာ ထိန်းသိမ်းထားရန်လိုပါသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ စီးပွားရေး၊ လူမှုအကျိုးပြုလုပ်ငန်းများစွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမျိုးရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရန် "စာတတ်မြောက်လာခြင်း"သည် မရှိမဖြစ်လိုအပ်သော အခြေခံအချက်ဖြစ်သည်။ ထို့အတူ စာအုပ်စာပေများသည် လူသားအကျိုးပြုအထောက်အကူပြုပစ္စည်းဖြစ်သည်ဟု လက်ခံထားပါလျှင် စာဖတ်သင့်သည်။ အသစ်အသစ်ပွားများတီထွင်မှုများ အားပြိုင်နေသောကာလတွင် မြန်မာစာပေကိုလည်း အားအင်များပြည့်ဖြိုးသော ပညာရပ်တစ်ခုအဖြစ်ရပ်တည်နိုင်ရန် စာဖတ်ခြင်းဖြင့် အထောက်အကူပြုသင့်ပါသည်။

**မြမဥ္ဇူဝေ(ကျုံမငေး)**

ပညာဖြင့်သာ အရာရာကိုကောင်းစွာစီမံနိုင်မည်ဖြစ်၍ မိမိတို့ရပိုင်ဆိုင်လိုသော ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အရေးကြီးအခန်းကဏ္ဍဖြစ်သည့် "စာမတတ်သူ" ပပျောက်ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ ပုဒ်မခွဲ(ဂ)တွင် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(ဃ)တွင် ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ကြရမည်"ဟူ၍လည်းကောင်း၊ "ပုဒ်မ ၃၆၆ အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်။ ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်၊ သိပ္ပံပညာ၊ စူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်"ဆိုသော ပြဋ္ဌာန်းချက်များကို သတ်မှတ်ခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် KG+9 အထိ အခမဲ့ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးထားသည်။ ပညာဖြင့်သာ လောကလူ့ဘောင်သာယာရေးကို ပြုစုပျိုးထောင်နိုင်မည်ဖြစ်သောကြောင့်"မသင်မနေရ"ဆိုသောခေါင်းစဉ်ဖြင့် လူတိုင်းပညာသင်ကြားနိုင်ရန် လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ချမှတ်ခဲ့ပြီး ငယ်စဉ်အခါက စာပေမသင်ကြားနိုင်ခဲ့သော စာမတတ်သူများအတွက် အသုံးလုံးကျေသင်တန်းနှင့် သင်ကြားရေးများကို ဒေသအရောက် အိမ်တိုင်ရာရောက်သင်ကြားမှုများအဖြစ်ဆောင်ရွက်ခဲ့သည်။

# အင်းစိန်မြို့နယ်နှင့်သာကေတမြို့နယ်တို့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


ယခင်နှစ်က ကရင်နှစ်သစ်ကူးပွဲတော်ကိုတွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ သိရသည်။

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကရင်နှစ်သစ်ကူးပွဲတော်ကို အင်းစိန်မြို့နယ်ရှိ အာလိန်ငါးဆင့်ဘုရားဝင်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျအတိုင်း အာလိန်ငါးဆင့်မှာ ကရင်အမျိုးသားအလံတင်အခမ်းအနားကို မနက်ပိုင်းမှာလုပ်မယ်။ တိုင်းရင်းသားကျေးရွာမှာတော့ တိုင်းဒေသကြီးအဆင့် အခမ်းအနားကို ခမ်းခမ်းနားနားလုပ်မှာပါ။ ပရိသတ်တွေလဲလာကြမှာပါ။ အလံတင်အခမ်းအနားလဲရှိမယ်။ ဟောပြောပွဲလဲရှိမယ်။ ဖျော်ဖြေရေးအနေနဲ့ တိုင်းရင်းသားအဆိုအကတွေ ဈေးရောင်းပွဲတော်တွေလဲပါမယ်။ တိုင်းရင်းသားအကဆိုရင် ကရင်ရိုးရာဒုံးယိမ်းအကပါမယ်။ ဝါးညှပ်အကပါမယ်။ တောင်ယာစူးထိုးအက၊ ဝါးထောက်အကတွေပါမယ်။ အစီအစဉ်အားလုံးက နှစ်ဆန်းပိုင်းကလုပ်ခဲ့တဲ့အတိုင်းပဲ သိပ်တော့အပြောင်းအလဲရှိမှာမဟုတ်ဘူး"ဟု ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသား ရိုးရာအကအလှများဖြင့် ဖျော်ဖြေသွားမည့်အပြင် ကရင်တိုင်းရင်းသားရိုးရာအသုံးအဆောင်များ၊ အဝတ်အထည်များ၊ အစားအစာများကို ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကာ ရိုးရာအားကစား ပြိုင်ပွဲများကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Brides ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကား ဖြန့်ချိခွင့်ကို Neon ကုမ္ပဏီကရရှိ

**နယူးယောက် ဒီဇင်ဘာ ၂၈**

Brides အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ် အမေရိကဈေးကွက်၌ ဖြန့်ချိခွင့်ကို Neon ကုမ္ပဏီက ရရှိထားကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Brides ဇာတ်ကားကို အမေရိကန်အမျိုးသမီး ဒါရိုက်တာ ခလိုးအိုကူနိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသမီး မိုင်ကာမွန်ရိုးက အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

Brides ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ၂၀၂၅ ခုနှစ် မတ်လအတွင်း စတင်ရိုက်ကူးရန်ထုတ်လုပ်သူများက စီစဉ်ထားသည်။

Brides ဇာတ်ကားသည် Neon ရုပ်ရှင်ကုမ္ပဏီနှင့် မင်းသမီး မိုင်ကာမွန်ရိုးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တတိယမြောက်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

မိုင်ကာမွန်ရိုးသည် ယခင်က Neon ၏ Longlegs နှင့် They Follow ဇာတ်ကားများတွင်ပါဝင်သရုပ်ဆောင်ထားသူလည်းဖြစ်သည်။

Brides ဇာတ်ကား အမေရိကဈေးကွက်၌ စတင်ဖြန့်ချိမည့်ရက်ကို Neon ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# သူ့ကိုမှချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း Fortune-tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

Fortune-tv ရုပ်သံလိုင်းက သူ့ကိုမှချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ညီမ်းသော်က ပြောပြ၍ သိရသည်။

သူ့ကိုမှချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကိုဆက်နှင့် SKYWARD ART TEAM က ရေးသားထားပြီး ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားကာ Fortune-tv ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်ကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာကိုဆက်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ဇာတ်လမ်းတွဲကြိုက်နှစ်သက်တဲ့ ပရိသတ်တွေအတွက် အလောင်းဆုံးဇာတ်လမ်းတွဲတစ်ခုအနေနဲ့ ကြည့်ကြရမှာပဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲ




ကိုတော့ အရက်စက်ဆုံးအောင်မြင်မှုသရုပ်ဖော်လုပ်ပွဲလို့တောင် တင်စားကြပါတယ်။ အောင်မြင်မှုကို နည်းလမ်းမျိုးစုံသုံးပြီး အရယူမဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝပုံရိပ်တွေကို ဒီဇာတ်လမ်းတွဲမှာ မြင်ရမှာပါ။ အဲဒီမိန်းကလေးရဲ့ ယုတ်မာမှုတွေ၊ ရက်စက်မှုတွေ၊ အောက်တန်းကျမှုတွေ ကြားမှာ မြေစာပင်ဖြစ်ခဲ့ရတဲ့ နှလုံးသားနဲ့ လူသုံးယောက်နဲ့ တည်ဆောက်ခဲ့တဲ့ သူမရဲ့အိပ်မက်တွေ တကယ်ဖြစ်လာပါ့မလား ဆိုတာကတော့ ဖန်သားပြင်ပေါ်မှာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင်ညီမ်းသော်က ပြောပြသည်။

သူ့ကိုမှချစ်မိသည် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်ချမ်းမင်းရဲထွဋ်၊ ညီမ်းသော်၊ မေမီကိုကို၊ သံသာညီ၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# ၂၀၂၅ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားနှစ်ကား၌ မင်းသား ရှောင်ဟားယက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၈**

မင်းသား ရှောင်ဟားယက်သည် ၂၀၂၅ ခုနှစ်အတွင်း The Running Man နှင့် Is This Thing On ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက် သတင်းများအရ သိရသည်။

Paramount ကုမ္ပဏီ၏ The Running Man ဇာတ်ကားတွင် မင်းသား ရှောင်ဟားယက်သည် မင်းသား ဂလန်းပိုဝဲနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Running Man ဇာတ်ကား၌ သရုပ်ဆောင်ပြီးချိန်တွင် မင်းသား ရှောင်ဟားယက်သည် Searching ကုမ္ပဏီ၏ Is This Thing On ဇာတ်ကား၌ ဆက်လက်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်းသိရသည်။

Is This Thing On ဇာတ်ကားတွင် မင်းသား ရှောင်ဟားယက်သည် မင်းသား ဘရက်ဒ်လေကူးပါး၊ ဝီအားနက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Is This Thing On ဇာတ်ကားကို မင်းသား ဘရက်ဒ်လေကူးပါးကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Paramount ကုမ္ပဏီ၏ The Running Man ဇာတ်ကားကိုမူ ဒါရိုက်တာအက်ဂါရိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Miss World Myanmar 2025 ပြိုင်ပွဲကို လာမည့်ဇန်နဝါရီလအတွင်း ကျင်းပရန်စီစဉ်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

Radiance Event Production& Model Agency က ကြီးမှူးကျင်းပမည့် Miss World Myanmar 2025 ပြိုင်ပွဲကို လာမည့်ဇန်နဝါရီလအတွင်း ကျင်းပသွားရန်စီစဉ်နေကြောင်း Miss World Myanmar 2025 ၏ National Director ထူးအံ့လွင်က ပြောပြ၍ သိရသည်။

Radiance Event Production & Model Agency က ကျင်းမည့် Miss World Myanmar 2025 ပြိုင်ပွဲအတွက် National Director ထူးအံ့လွင်နှင့်အတူ Miss Grand Myanmar 2024 အလှမယ်သဲစုညီမ်းနှင့် အလှမယ် မီးမီးကိုကလည်း ပြိုင်ပွဲအတွက် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မိတ်ကပ်ပိုင်းအတွက် Make Up SORA၊ ဝတ်စုံပိုင်းအတွက် ဒီဇိုင်နာ Kham Philipတို့က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"Miss World Myanmar အလှမယ်က နိုင်ငံ့ဂုဏ်ဆောင်ရမယ်။ ကျွန်တော်တို့ Organization ကနေ ချမှတ်ပေးထားတဲ့အတိုင်း Project တွေကို စနစ်တကျ လုပ်ဆောင်ရမယ်။ နိုင်ငံ့ဂုဏ်ဆောင်ပြီး ပြန်လာတဲ့အချိန် သူ့ဝါသနာပါရင် သရုပ်ဆောင်လုပ်ချင်ရင် လုပ်လို့ရတယ်။ ကျွန်တော်ကိုယ်တိုင်က တိုင်းပြည်အတွက် သေချာကြိုးစားပေးမဲ့ လူကိုပဲရွေးမှာပါ။ ပရောဂျက်ကောင်းတာတွေ ခိုင်မာရမယ်။ ပရဟိတတွေ သေချာလုပ်နိုင်ရမယ်။ ပြီးတော့ အဲလိုတွေသေချာလုပ်ပေးနိုင်ရမဲ့လူမျိုးကိုပဲ ရွေးမှာပါ။ ပြီးတော့ သိစေချင်တာက Miss World Myanmar တစ်ယောက်ဖြစ်ဖို့ဆိုတာ မလွယ်ကူဘူးဆိုတာပါပဲ"ဟု ထူးအံ့လွင်က ပြောပြသည်။

Miss World Myanmar 2025 Winner ဆုရှင်သည် Beauty With A Purpose လူမှုအကျိုးပြုပရဟိတ အလုပ်တာဝန်တွေကို ဆောင်ရွက်ရင်း ၇၂ ကြိမ်မြောက် Miss World အလှမယ်ရွေးချယ်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည့်အပြင် သရုပ်ဆောင်အဖြစ်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများလည်းရှိကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees of people's military service at local training schools in Indaing Station



Vice-Senior General Soe Win meets trainees of people's military service training schools at local training schools in Indaing Station.

**Nay Pyi Taw December 28**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met trainees of people's military service at local training schools in Indaing Station, Yangon Region this morning.

Also present were SAC member Union Minister for Defence General Maung Maung Aye, Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) General Tun Aung, Yangon Region Chief Minister U Soe Thein, senior military officers from Office of Commander-in-Chief, Yangon Command Commander Maj-Gen Zaw Hein, and officials.

In his speech General Maung Maung Aye said citizens of every sovereign country are responsible for national defence. He then explained the responsibility of other sectors for national defence, apart from military personnel, the enactment of People Military Service Law in Myanmar in November 2010 and its activation on 10 February 2024, the formation of recruitment bodies at different levels, and the central body's enlistment of only the eligible persons, systematic military trainings for the eligible persons, who will have to provide protection against terrorists with the learned military knowledge, abidance of orders and directives in serving duties at the assigned battalion/unit as good soldiers, development of mental fitness and loyalty towards the State and Tatmadaw, systematic pursuance of military knowledge taught by the training schools, effective application of the military knowledge in a battle field and observance of rules.

The Vice-Senior General then delivered a speech, emphasizing that all graduates and trainees presently undergoing training to become future soldiers tasked with national defense responsibilities are invaluable assets to the nation. Pride should be taken in those who faithfully uphold the four oaths daily, toward the state and military, fellow soldiers, and families.

As those who have touched the national flag and recited the four oaths, we must remain loyal and devoted to them. Loyalty to our country, its citizens, and military personnel is essential. Furthermore, soldiers must cultivate a spirit of camaraderie among themselves. "The spirit of camaraderie" embodies the love, bond, and loyalty shared among comrades. It is essential to uphold the mindset of "standing together, dying together, and suffering together."

Those who join Tatmadaw, whether under the People's Military Service Law or voluntarily, are entrusted with carrying out military operations, territorial security, and control, all of which require systematic training and education in essential military skills necessary for Tatmadaw to perform them. Civilian military personnel have received systematic training in military disciplines such as tactics, small arms, and other relevant subjects. It is essential to effectively utilize the military skills they have developed. Strong military discipline and obedience to orders are crucial in training and teaching basic military skills. Only through strict adherence to orders can the objectives and responsibilities assigned from higher authorities be effectively and successfully achieved. It is essential to diligently apply the military skills acquired at the training school, recognizing their significance, and to utilize these skills effectively and practically in the execution of their duties.

Military personnel who have safeguarded the nation across generations are those who join the service driven by their own desire to fulfill the duty of national defense. Though they come from various backgrounds, all military personnel now wear the same green uniform and have been trained together in military skills. As a result, they have become unified, sharing the same identity, thoughts, and values. They will work alongside their predecessors to uphold their national defense responsibilities with pride. They must strive to live as honorable citizens, trusted by the state and the military, and respected and valued by their families.

They are dedicated citizens who have embraced military service and are serving the state and the military around the clock. In keeping with the saying, "Once a Soldier, always a Soldier," we must embrace the mindset that once we become soldiers, we remain soldiers for life. This mindset reflects the noble spirit of military personnel. It is essential to uphold the noble traditions of Tatmadaw and remain steadfast in loyalty to both the state and Tatmadaw.



Vice-Senior General Soe Win greets trainees of people's military service training schools.

In times of national emergency, the only way to preserve the integrity and unity of the country is through a strong and unified military. Therefore, for military personnel to effectively fulfill their national defense responsibilities, maintaining strong unity both within and outside the military is essential. At a time when both domestic and foreign destructive forces are attacking us with various tactics aimed at undermining unity within the military, it is crucial for us to maintain a strong sense of unity and mutual support.

Since the duty of defending the nation is a fundamental obligation for every citizen, civilian military service courses were established. To date, Course No. 6 has been successfully conducted and completed. It is a source of pride that the dedicated citizens who have graduated from training and are serving in battalions/units have excelled in their duties and have been recognized with honorary titles for their ability and courage, awarded by the state.

Regarding health, it is crucial for our military personnel to maintain good physical well-being. No matter how strong their desire to fulfill their national duties, they will be unable to carry out their responsibilities effectively if they are in poor health. To stay healthy and strong, we must live and eat in a disciplined and proper manner. The graduating civilian service personnel were instructed to continually practice and apply the military skills acquired at the training school. They are encouraged to strive to become good citizens and soldiers who uphold the honor of the state, the military, and their families.

Following the meeting, the Vice-Senior General presented honorariums to the civilian service trainees and exchanged friendly greetings.

# Farmers finish harvesting maize and corns in Kawlin District


Farmers harvesting corns in a field.

**Kawlin December 28**

According to the statistics of Kawlin District Agriculture Department, local farmers have so far harvested 1,627 acres of maize and corns in Kawlin District of Sagaing Region.

They planted 985 acres of maize and corns in monsoon. These monsoon crops were harvested starting from August this year. Maize yields 56.67 baskets per acre from 45 acres of cropland and 15,000 pieces of corns per acre from 1,582 acres of croplands.

U Win Thein, Head of Kawlin District Agriculture Department clarified: "A total of 1,627 acres of maize and corns were planted in the district last monsoon. So far, these plantations have been harvested at a cent per cent. We raised farmer awareness to prevent pests to thrive maize and corn plantations."

In Kawlin District, local farmers have harvested 737 acres of corns in Kawlin Township, 10 acres of maize and 591 acres of corns in Wuntho Township and 35 acres of maize and 254 acres of corns in Pinlebu Township respectively.

This year, officials of relevant Township Agriculture Department conducted the training courses for local farmers and agricultural staff to enhance their capacity for growing maize and corns successfully with field demonstration, prevention of FAW and use of natural fertilizers and pests with the use of domestic raw materials to cut agricultural costs.

In the district, croplands yield 50 baskets per acre of maize. Farmers need to cost K500,000 per acre for growing maize. Corns produce 15,000 pieces of corns per acre. It costs more than K500,000 per acre for cultivation. 206

# More than 1,500 acres of chilli planted in Yinmabin District

**Yinmabin December 28**

Yinmabin District Department of Agriculture stated that a total of 1,544 acres of chilli has been planted as cold season crops in Yinmabin District of Sagaing Region.

Local authorities earmarked 1,585 acres of chilli in the district but farmer grew 1,544 acres of chilli—1,358 acres in Yinmabin Township and 186 acres in Pale Township, starting from October 2024.

Daw Myat Moe Win, Head of Yinmabin District Department of Agriculture explained: "Farmers have so far planted 1,544 acres of chilli against the target of 1,585 acres in Yinmabin District. They are trying hard to meet the target cultivation. Our department encourages local farmers to grow chilli on a commercial scale."

In 2024-25 cold season, local authorities earmarked 1,131 acres of chilli in Yinmabin Township, 229 acres in Kani Township and 225 acres in Pale Township, totalling 1,585 acres.

Officials from relevant Agriculture Departments help local farmers apply agricultural techniques, prevent pests and improve fertile soil to boost per-acre yield of chilli.


A thriving chili plantation.

Farmers need to cost K1.5 million per acre in growing chilli on their own land but K2.5 million on rented land. It is necessary to plunk chilli fruits once every 15 days till six months. It yields 100 viss of chilli per acre for the first time, and then it increases to 400-500 viss per acre. 206

# Myinmu Township finishes cultivation of butter bean on more than 1,000 acres of croplands

**Myinmu December 28**

Local farmers have so far planted 1,379 acres of butter bean as cold season crops in Myinmu Township of Sagaing Region, according to the statistics of Sagaing District Agriculture Department.

In 2024-25 cold season, the township plans to grow 1,963 acres of butter bean but farmers planted 1,379 acres of crops, against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "So far, farmers have planted 1,379 acres of butter bean against the target of 1,963 acres this cold season. Farmers prefer to grow butter bean in cold season rather than monsoon. Now, butter bean plantations are thriving in the farms. Local farmers emphasize cultivation of butter bean due to high prices."

Farmers grow butter bean as mixed-cropping patter or separately for earning increased incomes for their families.

Officials of the Township Agriculture Department help local farmers use quality strains of crops and apply agricultural technology give training to farmers to prevent pasts and make natural fertilizers with the use of domestic products. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of croplands placed under lablab bean plantations

**Budalin December 28**

A total of 4,278 acres of lablab bean has been planted in Budalin Township of Sagaing Region, according to Budalin Township Department of Agriculture.

Local farmers have so far grown 4,278 acres of lablab bean against the target of 4,300 acres in Budalin Township in 2024-25 cold season.

U Phyo Wai, Head of Budalin Township Agriculture Department commented: "Township authorities earmarked cultivation of 4,300 acres of lablab bean in the township. So far, local farmers have planted 4,278 acres of crops. Our department cooperates with local farmers with provision of quality strains of seeds, agricultural inputs and post-harvest technology."

Officials of the Township Agriculture Department assist local farmers in growing lablab bean with expansion of sown acreage, high yield strains of crops, using GAP system for boosting per-acre yield of crops.

The crops planted in GAP system can get higher quality than ordinary crops, fetch high prices and grasp market shares at home and abroad. So, farmers can enjoy higher incomes for their families. 206


A lablab bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Raytheon ကုမ္ပဏီက အမေရိကန်ရေတပ်နှင့် ခရူဇ်ဒုံးကျည်များထုတ်လုပ်ရန် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် Tomahawk Block V ခရူဇ်ဒုံးကျည် ၁၃၁ စင်း ရာနှုန်းပြည့် ထုတ်လုပ်ပေးနိုင်ရန် အမေရိကန်ရေတပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စာချုပ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမေရိကန်ကြည်းတပ်သို့ ဒုံးကျည် ၂၆ စင်း၊ အမေရိကန် မရိန်းတပ်ဖွဲ့သို့ ၁၆ စင်း၊ ဩစတြေးလျနိုင်ငံသို့ ၁၁ စင်းနှင့် ဂျပန်နိုင်ငံသို့ ၇၈ စင်း ပေးပို့သွားရမည်ဖြစ်သည်။ ၂၀၂၈ ခုနှစ် မတ်လတွင် ထုတ်လုပ်မှုပြီးစီးရန် မျှော်မှန်းထားပြီး အမေရိကန်နိုင်ငံတစ်ဝန်းရှိ နေရာအသီးသီးတွင် ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

ဩစတြေးလျနှင့် ဂျပန် နှစ်နိုင်ငံစလုံးသည် တရုတ်ရေတပ်စွမ်းအား အင်အားကြီးထွားလာမှုအပေါ် တန်ပြန်လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် ၎င်းတို့၏ ရေကြောင်းစွမ်းအားများကို အဆင့်မြှင့်တင်ရန် အမေရိကန်ထုတ် တာဝေးပစ် ခရူဇ်ဒုံးကျည်များ ဝယ်ယူဖြည့်တင်းသွားနိုင်ရေးအတွက် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ကြိုးပမ်းဆောင်ရွက်လာခဲ့ကြကြောင်း သိရသည်။

၂၀၂၃ ခုနှစ် မတ်လတွင် ဩစတြေးလျနိုင်ငံသို့ Tomahawk Block V ခရူဇ်ဒုံးကျည်အစင်း ၂၀၀ နှင့် Tomahawk Block IV ခရူဇ်ဒုံးကျည်အစင်း ၂၀ ထိရောင်းချရန် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် သဘောတူခွင့်ပြုထားခဲ့ပြီးဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ဝယ်ယူရေးစာချုပ် ချုပ်ဆိုခဲ့သည့် ရက်စွဲကိုမူ အတိအကျထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း ဩစတြေးလျ တော်ဝင်ရေတပ်သည် ယခုနှစ် ဒီဇင်ဘာ ၃ ရက်က အဆိုပါဒုံးကျည်များဖြင့် ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ဂျပန်နိုင်ငံသည် Tomahawk ခရူဇ်ဒုံးကျည်အစင်း ၄၀၀ ကိုဝယ်ယူရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံသဘောတူညီချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်က မိတ်ဆက်ခဲ့သော Block V ခရူဇ်ဒုံးကျည်စီးရီးတွင် အဆင့်မြှင့်ထားသော ဒုံးကျည်ထိပ်ဖူး၊ လမ်းကြောင်းပြစနစ်နှင့် ဆက်သွယ်ရေးစနစ်တို့ပါရှိပြီး အီလက်ထရွန်နစ် နည်းလမ်းများဖြင့် တန်ပြန်ရန် ပိုမိုခက်ခဲစေမည်ဖြစ်သည်။ ပင်လယ်ရေကြောင်းတိုက်ခိုက်ရေးဗားရှင်းဖြစ်သည့် Block Va ခရူဇ်ဒုံးကျည်တွင် ရွေ့လျားနေသောပစ်မှတ်များကို တိုက်ခိုက်ရန် အာရုံခံကိရိယာသစ် တပ်ဆင်ပေးထားသည်။ Block Vb ခရူဇ်ဒုံးကျည်တွင် မြေပြင်ပစ်မှတ်များကိုပါ တိုက်ခိုက်ရန်အတွက် ဘက်စုံသုံးထိပ်ဖူးပါရှိသည်။ ထိပ်ဖူးအမျိုးအစား၏ အကွာအဝေးအတိအကျကို မသိရသော်လည်း မိုင် ၁၀၀၀ (၁၆၀၉ ကီလိုမီတာ) အကွာရှိ ရေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Raytheon to Produce Tomahawk Block V Missile for US, Japan, Australia ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆလိုဗက်ကီးယားက အစ္စရေးထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကန်ဒေါ်လာ ၅၈၃ သန်းဖြင့် ဝယ်ယူရန်အတည်ပြုခဲ့



ဆလိုဗက်ကီးယားနိုင်ငံသည် အစ္စရေးနိုင်ငံထုတ် Barak MX လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အမေရိကန်ဒေါ်လာ ၅၈၃ သန်းဖြင့် ဝယ်ယူရန် အတည်ပြုခဲ့ပြီး NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ စစ်ရေးစွမ်းရည်ကို ကာလကြာရှည် အဆင့်မြှင့်တင်ရာတွင် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် အစ္စရေးနိုင်ငံနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့ကြား အကြီးမားဆုံး ကာကွယ်ရေးတင်ပို့ရောင်းချမှု သဘောတူညီချက်တစ်ရပ်ပင်ဖြစ်ပြီး နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာဆက်ဆံရေးတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း သိရသည်။

“ဒီလိုမျိုးဝယ်ယူရေး သဘောတူညီချက်ဟာ နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ဆလိုဗက် ကီးယားနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းရည်ကိုအဆင့်မြှင့်တင်နိုင်မှာပါ” ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ Israel Aerospace Industries (IAI) ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် Barak MX လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရေတပ်နှင့် ကြည်းတပ် အသုံးချမှုနှစ်ခုစလုံးအတွက် ပေါင်းစပ်အသုံးပြုနိုင်သော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အမျိုးအစားဖြစ်သည်။ ၎င်းသည် ပဲ့ထိန်းဒုံးကျည်များ၊ ဒရုန်းများ၊ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ခရူဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးနိုင်သည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် မတူညီသော အကွာအဝေးစွမ်းရည်များအတွက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်အမျိုးမျိုး တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ တာလတ်ပစ်အကွာအဝေး ၃၅ ကီလိုမီတာ၊ တာဝေးပစ် အကွာအဝေး ကီလိုမီတာ ၇၀ နှင့် တိုးမြှင့်ထားသော အကွာအဝေး ကီလိုမီတာ ၁၅၀ တို့ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော ဒုံးကျည်များ တပ်ဆင် တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ကြားဖြတ်ဒုံးကျည် တစ်မျိုးစီတွင် အကောင်းမွန်ဆုံးစွမ်းဆောင်ရည်များရရှိစေရန် Dual-Pulse အင်ဂျင်အမျိုးအစား၊ စွမ်းအားပြင်း ဒုံးကျည်ထိပ်ဖူးနှင့် Active Radar Seeker အာရုံခံကိရိယာတို့တပ်ဆင်အသုံးပြုထားသည်။

ဆော့ဖ်ဝဲအခြေခံသော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးခေတ်တွင် အာရုံခံ ကိရိယာအမျိုးမျိုးနှင့် တိုက်ပွဲစီမံခန့်ခွဲမှုစနစ်များကို ချောမွေ့စွာပေါင်းစပ် အသုံးပြုနိုင်သည့် စွမ်းဆောင်ရည်မြင့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များဖြင့် ဖောက်သည်နိုင်ငံများ၏ လိုအပ်ချက်များအတိုင်း အံဝင်ခွင်ကျဖြစ်စွာ အသုံးပြုနိုင်စေမည်ဖြစ်သည့်အပြင် ယနေ့ခေတ်သစ် ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန် အနာဂတ် စွမ်းဆောင်ရည်များအတွက် အာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း IAI ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ဒေသတွင်း ခြိမ်းခြောက်မှုများ တိုးမြင့်လာချိန်တွင် ဆလိုဗက်ကီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်ကို အဆင့်မြှင့်တင်ရန် ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံထံ ကာကွယ်ရေးပစ္စည်းကိရိယာများ အဓိကပံ့ပိုးပေးနေသည့် ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်နက်နှင့် ပစ္စည်းကိရိယာများအတွက် အမေရိကန်ဒေါ်လာ ၇၂၈ သန်းခန့် ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Slovakia Buys Israeli-Made Barak MX Air Defense System for $583M ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒီဇင်ဘာလဒုတိယပတ်မှယနေ့ထိဒေသထွက်စိုက်ပျိုးရေးကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါစိုက်ပျိုးရေးကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ မှ ၁၅၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိမှာ အရောင်းအဝယ် ကောင်းနေတဲ့ ကောက်ရိုးမှိုကို စက္ကူချပ်ပြားတွေ၊ ကောက်ရိုးတွေနဲ့ စိုက်ပျိုးထုတ်လုပ်ပါတယ်။ လက်ရှိအချိန်ဟာ တောင်သူတွေ စိုက်ပျိုးထားတဲ့ ကောက်ရိုးမှိုတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို စိုက်ပျိုးရေးကောက်ရိုးမှိုတွေ ပေါ်ထွက်နေလို့ အရောင်းအဝယ် ကောင်းမွန်နေတော့ ကောက်ရိုးမှို စိုက်ပျိုးတဲ့ တောင်သူတွေအဆင်ပြေသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ်ကောက်ရိုးမှို အရောင်းအဝယ်ကောင်းရတာက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ ဖြစ်ပါတယ်" ဟု ပန်းတနော်မြို့နယ်ကုန်စိမ်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်ရှိ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စိုက်ပျိုးရေးကောက်ရိုးမှိုအပါအဝင် အခြားသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ မှိုများကို ဒေသခံတောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၀၆၂ ဧက ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၀၆၂ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၆၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၂တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲ ၃၀၆၂ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



မြောင်မြို့နယ်တွင် မတ်ပဲ အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်သဖြင့် မတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ခရမ်းမြို့နယ် အိုးဝကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ခရမ်း ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးသန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် အိုးဝကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြသည်။

အိုးဝကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာက ရွေးချယ်ထားသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်ထံမှ သိရသည်။

**မောင်ခိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းတိုင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းများမှ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အမှာစကားပြောကြားရာတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြကြောင်း၊ စစ်မှုထမ်းများသာမက အခြားသောကဏ္ဍအသီးသီးမှာလည်း နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည့်အခြေအနေများ၊မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်၌ အာဏာတည်စေခဲ့သည့်အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ ဗဟိုအဖွဲ့က အတည်ပြုခန့်အပ်ပေးလျက်ရှိသည့်အခြေအနေများ၊ တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာကြသူများကိုလည်း စစ်ပညာများကို စနစ်တကျသင်ကြားပေးလျက်ရှိပြီး အဆိုပါပညာရပ်များဖြင့် အဖျက်သမားများရန်မှ ကာကွယ်သွားကြရမည့်အခြေအနေများ၊ တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့များသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ရာတွင်လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦးပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ်သစ္စာစောင့်သိရန် လိုအပ်သည့်အခြေအနေများ၊သင်တန်းကျောင်းများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် စစ်ပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားသွားရန်၊ စစ်မြေပြင်တွင်ထိထိရောက်ရောက်အသုံးချရန်နှင့်စည်းကမ်းတကျလိုက်နာနေထိုင်သွားကြရန် လိုအပ်သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**''Once a Soldier, always a Soldier''ဆိုသည်နှင့်အညီ တစ်ကြိမ်စစ်သားဖြစ်ပြီးပါက အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့် စိတ်ဓာတ်များ ခံယူထားရမည်ဖြစ်၊ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လို. . .**

**ယခုအခါ ပြည်တွင်း၊ပြည်ပအဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန်ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီး. . .**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြရတော့မည့် သင်တန်းဆင်းစစ်သည်တော်များနှင့်စစ်သည်တော်လောင်းများဖြစ်ရန် သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအားလုံးတို့သည် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုရသည့် နိုင်ငံတော်နှင့်တပ်မတော်အပေါ်၊ မိမိရဲဘော်ရဲဘက်အချင်းချင်းအပေါ်နှင့် မိမိ မိသားစုဝင်များအတွက် ကတိသစ္စာပြုစောင့်ထိန်းကြသူများဖြစ်ကြ၍ မိမိကိုယ်ကိုမိမိ ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အလံကို မိမိလက်နှင့်ကိုယ်တိုင်ထိတွေ့ပြီး သစ္စာလေးချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် ၎င်းသစ္စာ လေးချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်လိုကြောင်း၊ မိမိနိုင်ငံအပေါ်၊မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန်လိုကြောင်း၊ ထို့ပြင် စစ်သည်အချင်းချင်း အပေါ်တွင်လည်း ရဲဘော်စိတ်ထားရှိရန်လိုကြောင်း၊ **"ရဲဘော်စိတ်"ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူရှင်မကွာဆိုသည့်စိတ် သာအတူနာအတူဆိုသည့်စိတ်ထား ခံယူချက်များထားရှိသွားရန်လိုအပ်ကြောင်း။**

ပြည်သူ့စစ်မှုထမ်း ဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ၊ တပ်မတော်တွင်းသို့ ဝင်ရောက်လာကြသူများကို တပ်မတော်၌ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရာတွင် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကိုအခြေခံမှစ၍ လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသောစစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို စနစ်တကျ အသုံးချသွားရန်လိုကြောင်း၊ အခြေခံစစ်အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရာတွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုသည်အရေးကြီးကြောင်း၊ အမိန့်နာခံမှုရှိမှသာ အထက်မှပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် တိကျအောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးသည့်စစ်ပညာရပ်များအပေါ် အသေးအဖွဲ့ဟူ၍ သဘောမထားဘဲ အလေ့အကျင့်မှအလေ့အထဖြစ်သည်အထိ စွဲမြဲစွာလုပ်ဆောင်သွားကြရန်လိုကြောင်းနှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့ကျကျထိရောက်စွာအသုံးချသွားရန်လိုကြောင်း။

ခေတ်ကာလအဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန် မိမိတို့၏စိတ်ဆန္ဒများဖြင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြောင်း၊ အရပ်သားဘဝအလွှာပေါင်းစုံမှ တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသူများဖြစ်သော်လည်း ယခုအခါ တူညီသောအစိမ်းရောင်ယူနီဖောင်းဝတ်ဆင်၍ စစ်ပညာရပ်များကို အတူတူစုပေါင်း၍ သင်ကြားလေ့ကျင့်ပြီးသူများဖြစ်သည့်အတွက် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသူများဖြစ်လာကြပြီးဖြစ်၍ နောင်တော်တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်စွာထမ်းဆောင်သွားကြရတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုကလေးစားတန်ဖိုးထားရသည့် ပြည်သူ့သားကောင်းများအဖြစ် ကြိုးစားနေထိုင်သွားကြရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တပ်မတော်သားဘဝကို ရရှိခံယူထားကြပြီးသူများဖြစ်၍ နိုင်ငံတော်နှင့်တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ **"Once a Soldier, always a Soldier"ဆိုသည်နှင့်အညီ တစ်ကြိမ်စစ်သားဖြစ်ပြီးပါက အမြဲတမ်းစစ်သားဖြစ်သည်ဆိုသည့် စိတ်ဓာတ်များခံယူထားရမည်ဖြစ်ပြီး အဆိုပါစိတ်သည်တပ်မတော်သားများ၏ မွန်မြတ်သည့် ခံယူချက်စိတ်ထားဖြစ်**ကြောင်း၊ **တပ်မတော်၏မွန်မြတ်သည့်အစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လို**ကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာ အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ် ရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ထို့ကြောင့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ **ယခုအခါ ပြည်တွင်း၊ပြည်ပအဖျက်သမားအင်အားစုများသည် တပ်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန်ရည်ရွယ်၍ နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ မိမိတို့အနေဖြင့် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှအရေးကြီး**ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ယနေ့အချိန်အထိ သင်တန်းအမှတ်စဉ်(၆)ထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းနိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း၊တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်ကချီးမြှင့်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိလာခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့ တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်ပါစေ ကျန်းမာရေးချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှလုပ်ကိုင်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ကျန်းမာရေးကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျ နေထိုင်စားသောက်သွားရန်လိုကြောင်း၊ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများအနေဖြင့် သင်တန်းကျောင်းကလေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာကို အမြဲမပြတ်လေ့ကျင့်လိုက်နာပြီး ကောင်းစွာအသုံးချသွားကြရန်နှင့်နိုင်ငံတော်၊ တပ်မတော်နှင့်မိမိ မိသားစုကဂုဏ်ယူ တန်ဖိုးထားရသည့် နိုင်ငံ့သားကောင်းစစ်သည်တော်ကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကွင်းဆင်းကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ နဝင်းချောင်းပေါ်တွင် သဘာဝရေစီးအားသုံးရေတင်ဒလက် (Water Wheel)ဖြင့် ဝါအထူးဇုန်ကို စိုက်ပျိုးရေပေးဝေနေမှုအား ကြည့်ရှုလေ့လာပြီး ဒေသခံဝါစိုက်တောင်သူများကို မျိုးကောင်းမျိုးသန့်ပြောင်းလဲပေးမှုနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးနိုင်သဖြင့် ဝါသီးနှံများ အထွက်နှုန်းတိုးတက်နိုင်သည့်အခြေအနေ၊ သီးထပ်စွမ်းအားတိုးတက်စေရေး ဆောင်ရွက်မည့်အစီအမံများနှင့် သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





ထို့နောက် ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာရှိ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံနှုတ်ခွန်းဆက်စကားပြောကြားပြီး မတ်ပဲမျိုးစေ့နှင့် သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဝါစံပြစိုက်ခင်းမှ ဝါခူးဆွတ်နေမှု၊ အထူးအထွက်နှုန်းကောင်းသည့် ငွေနှင်းမှုံမျိုးအောင်မြင်စွာ စမ်းသပ်စိုက်ပျိုးထားမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာ တောင်သူလယ်သမား သင်တန်းကျောင်းသို့ရောက်ရှိပြီး တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ မြို့နယ် ရှစ်မြို့နယ်မှ သင်တန်းသားတောင်သူများအတွက် စားဖိုဆောင်မျိုးစေ့များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျွန်းမီးကျေးရွာအုပ်စု၌ မြေပဲစိုက်တောင်သူများ၊ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံတောင်သူများကို သွင်းအားစုများချီးမြှင့်ပေးအပ်သည်။

အဆိုပါကျွန်းမီးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေပဲစံပြစိုက်ခင်းဧက ၂၀၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့် ဖြန့်ဝေပေးနိုင်ခဲ့မှုကြောင့် ယခင်နှစ်ကမြေပဲ တစ်ဧကလျှင် ၁၂၂ တင်းကျော် ထွက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြန်မာနိုင်ငံစာရေးဆရာအသင်း မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များ လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

သက်ကြီးစာပေပညာရှင်များအားပူဇော်ကန်တော့ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင် ဆရာကြီး၊ဆရာမကြီးများ၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။


ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ထံမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် ၁၂၆ သိန်းကျော် တန်ဖိုးရှိ အဝတ်အထည်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၇၆ သိန်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှ တာဝန်ရှိသူကလည်း ကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ဦးပိုက်ထွေးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီကလှူဒါန်းသည့် ငွေကျပ် ငါးသိန်းကို ဦးခင်မောင်စိုးကလည်းကောင်း ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြော ကြားရာတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် နတ်တော်လဆန်း ၁ ရက်ကို အမျိုးသား စာဆိုတော်နေ့ အဖြစ် ၁၃၀၆ ခုနှစ်မှစတင် သတ်မှတ်ပြီး စာပွဲသဘင်များ ဆင်ယင် ကျင်းပလာခဲ့သည်မှာ ယခု ၁၃၈၆ ခုနှစ် ထိ အကြိမ် ၈၀ ရှိခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကလည်း စာပေနှင့် ပတ်သက်ပြီး တန်ဖိုးထားအလေးထားပါ ကြောင်း၊ (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်း အနားကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် နိုင်ငံတော်အဆင့်ကျင်းပခဲ့ပြီး စာပေပညာရှင်ကြီးများအား နိုင်ငံတော် ကချီးမြှင့်သကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်က လည်း သီးခြားချီးမြှင့်ပေးခဲ့ပါကြောင်း။

မြန်မာစာပေလောကသားတို့၏ "စာဆိုတော်နေ့"သည်သုတ၊ရသရေးရာအဖြာဖြာ ကိုရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီး များ၊ အမြတ်တနိုး တန်ဖိုးထားဂုဏ်ယူ နေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါ ကြောင်း၊ ယခုလိုအမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြသည့် နေ့ထူးနေ့မြတ်ကြီး ကိုမြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက နှစ်စဉ်ဂုဏ်ပြုအမွှမ်းတင်သည့် အထိမ်း အမှတ်အဖြစ် သက်ကြီးစာပေပညာရှင် ကြီးများကို ပူဇော်ကန်တော့နေခဲ့သည်မှာ ယခုဆိုလျှင် (၃၇)ကြိမ်မြောက် ရှိခဲ့ပြီဟု သိရပါကြောင်း၊အခက်အခဲအကျပ်အတည်း



အမျိုးမျိုးကြားမှ နှစ်စဉ်မပျက် သက်ကြီး စာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ ပွဲကျင်းပပေးနေသည့် မြန်မာနိုင်ငံစာရေး ဆရာအသင်းကြီးသည် စာပေကျေးဇူး အထူးထူးကို ရည်စူးပူဇော်ကန်တော့ပွဲများ ကျင်းပပေးနေသည့်အတွက် မင်္ဂလာတရား နှင့် ပြည့်စုံနေပါကြောင်း၊ ယခုလို အစဉ် အလာကောင်းများကို ဆက်လက် ထိန်းကျောင်း မြှင့်တင်နိုင်ကြပါစေကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူ ရှင်စာရင်းကို မြန်မာနိုင်ငံစာရေးဆရာ အသင်းဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး အမျိုးသားစာပေ တစ်သက်တာဆုရ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဖတ် ကြားသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေ ပညာရှင်ကြီးများအား ပြည်ထောင်စု ဝန်ကြီးနှင့် အခမ်းအနားသို့တက်ရောက် လာကြသူများက ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ကန်တော့ကြပြီး ပစ္စည်း နှင့် ငွေများပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများကိုယ်စား သိပ္ပ ကျော်စွာဘွဲ့ရ စာရေးဆရာကြီး ပါမောက္ခ ဒေါက်တာမြသိန်းဟန်က သြဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ကန်တော့ခံသက်ကြီးစာပေပညာ ရှင်ကြီးများနှင့် စာပေပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယနေ့တွင် သက်ကြီးစာပေပညာရှင် များပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငွေသား ကျပ်သိန်း ၁၀၀၊ အမျိုးသား ၂၄၁ ဦးအတွက် အင်္ကျီလက်ရှည်(Smart)များ၊ ပုဆိုး (ရွှေလွန်းပျံ) ၂/၈၀ နှင့် Smart လက်ဆွဲ အိတ်များ တန်ဖိုးငွေကျပ် ၁၀၇၀၀၄၀၀ နှင့် အမျိုးသမီး ၃၅ ဦးအတွက် ခြုံပဝါများ၊ ပါတိတ်ဝမ်းဆက်နှင့် Smart လက်ဆွဲ အိတ်များ တန်ဖိုးငွေကျပ် ၁၉၆၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၆၆၀၄၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ် သည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ် ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များ ကို ဉာဏ်ပူဇော်ခများချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက် ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့် အမှာစကားပြောကြားရာတွင် စာပေပညာ ရှင်ကြီးများအနေဖြင့် ပြည်သူလူထုအဆိပ် အတောက်ဖြစ်စေမည့် ညစ်ညမ်းစာပေ များပပျောက်သွားရန် ကြိုးပမ်းဆောင်ရွက် ပေးစေလိုပါကြောင်း၊ နည်းပညာခေတ်ဖြစ် သည့်အတွက် စာအုပ်စာပေများကိုလည်း ခေတ်စနစ်နှင့်အညီ ဖုန်း၊ ကွန်ပျူတာများ မှတစ်ဆင့် ဖတ်ရှုနိုင်ရေး ချိတ်ဆက်ရန် လိုအပ်ပါကြောင်း၊ လူငယ်များစာကောင်း ပေမွန်များဖတ်ရှုပြီး လမ်းမှန်ရောက်အောင် စာပေဖြင့် စာပေပညာရှင်ကြီးများက ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဉာဏ်ပူဇော်ခများနှင့် ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များအား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက် ရောက်လာကြသည့် စာပေပညာရှင်ကြီး များက နိုင်ငံတော်နှင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

(၂၈-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၇၂ / ၂၀၂၄ )**
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ပါ ပြစ်မှုအမျိုးအစားများနှင့် သက်ဆိုင်စေရမည်-

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ပြစ်မှုများ၊

( ခ ) နိုင်ငံဖြတ်ကျော်ကျူးလွန်သည့်မှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

( ဂ ) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊မရနိုင်သည်ဖြစ်စေ မည်သည့် ပုံစံဖြင့်မဆို တည်ရှိသောရွှေ့ပြောင်းနိုင်သည့်ပစ္စည်းသို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ်နည်းလမ်းဖြင့် အဆိုပါပစ္စည်းကိုအသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

( ခ ) **တိရစ္ဆာန်**ဆိုသည်မှာ လူမှတစ်ပါးအခြားသက်ရှိသတ္တဝါအားလုံးကိုဆိုသည်။

( ဂ ) **သက်သေခံပစ္စည်း**ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ခုခုဖြင့် သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သို့မဟုတ် ချိပ်ပိတ်ထားသောပစ္စည်း သို့မဟုတ် တိရစ္ဆာန်ကိုဆိုသည်။

(ဃ) **တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများကိုဆိုသည်။

( င ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီကိုဆိုသည်။

( စ ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဗဟိုကော်မတီကဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကိုဆိုသည်။

(ဆ) **သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး** ဆိုသည်မှာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ရုံးများကို ဆိုသည်။

( ဇ ) **ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း**ဆိုသည်မှာ သက်သေခံပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရန်နှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်း၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူတစ်ဦးဦးအား ခံဝန်ချုပ်ချုပ်ဆို၍ အပ်နှံခြင်းကိုဆိုသည်။

(ဈ) **ပစ္စည်းထိန်း**ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သည့်သက်သေခံပစ္စည်းများ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် အခကြေးငွေပေး၍ တာဝန်ပေးအပ်ခံရသူကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှုဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်းထားသည့် သက်သေခံပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးနှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရေးအတွက် စနစ်တကျစီမံထိန်းသိမ်းရန်၊

( ခ ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ သက်သေခံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်သေခံပစ္စည်းများကို စနစ်တကျစီမံထိန်းသိမ်းရန်၊

( ဂ ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားရုံး၏အမိန့်နှင့်အညီ စီမံခန့်ခွဲနိုင်ရန်၊

(ဃ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများကို အလွဲသုံးစားမှုမဖြစ်စေဘဲ နိုင်ငံတော်၏ဘဏ္ဍာငွေတိုးပွားစေရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်။

**အခန်း(၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေး ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

( ၁ ) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

( ၂ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်
ဆက်သွယ်ရေးဝန်ကြီးဌာန

( ၃ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

( ၄ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်
ဘဏ္ဍာရေးဝန်ကြီးဌာန

( ၅ ) ဒုတိယဝန်ကြီးနှင့်
ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( ၆ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးနှင့်
ယဉ်ကျေးမှုဝန်ကြီးဌာန

( ၇ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

( ၈ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝ
ပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

( ၉ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေး
ဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဂတိလိုက်စားမှု
တိုက်ဖျက်ရေးကော်မရှင်ရုံး

(၁၃) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၄) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး
မှုခင်းနှင့်ဥပဒေရေးရာ
ဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ခ ) ဗဟိုကော်မတီကိုလိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊မူဝါဒနှင့် အညီ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( ခ ) မိမိ၏လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီများကို ဖွဲ့စည်းခြင်း၊ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) ဒေသဆိုင်ရာကော်မတီများနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို စီမံထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာကော်မတီများ၏ တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်ပေးခြင်း၊

( င ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော မြေနှင့် မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( စ ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့်သက်သေခံပစ္စည်းများအား လေလံတင်ထုခွဲရောင်းချရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

(ဆ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့် အမှုမှသက်သေခံပစ္စည်းများအားလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများအားလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားခြင်း၊

( ဇ ) သက်သေခံပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့်အသုံးစရိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာဆောင်ရွက်ချက် အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လစဉ်တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သောသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

## အခန်း(၄)

## ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၃) အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) အခွန်ဦးစီးဌာနမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး — အဖွဲ့ဝင်

(၇) တာဝန်ခံအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန — အဖွဲ့ဝင်

(၈) ဦးစီးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ဦးစီးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယအထွေထွေမန်နေဂျာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၁၂) တပ်ဖွဲ့ခွဲမှူး သို့မဟုတ် ကြီးကြပ်သူအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၁၃) ရဲတပ်ဖွဲ့မှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ — အတွင်းရေးမှူး

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၁) ပြည်ထောင်စုနယ်မြေ — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၃) အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၅) အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) တာဝန်ခံအရာရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၈) ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၉) ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၁၁) ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ပြည်ထောင်စုနယ်မြေ — အဖွဲ့ဝင်

(၁၂) တပ်ဖွဲ့ခွဲမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ နေပြည်တော် — အဖွဲ့ဝင်

(၁၃) ရဲတပ်ဖွဲ့မှူး နေပြည်တော်ရဲတပ်ဖွဲ့ ပြည်ထောင်စုနယ်မြေ — အတွင်းရေးမှူး

(ဂ) တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်သို့မဟုတ်ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါသတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့်မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီက သက်သေခံပစ္စည်းများကို ခံဝန်ချုပ်ဖြင့်အပ်နှံခြင်း၊ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ တင်ပြချက်ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကိုသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံခြင်းနှင့်စပ်လျဉ်း၍ အချိန်ကာလသတ်မှတ်ပေးခြင်း၊

(ဃ) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော ရွှေ့ပြောင်းနိုင်သည့်သက်သေခံပစ္စည်းများကိုစီမံခန့်ခွဲရန် ဗဟိုကော်မတီမှ တာဝန်ပေးအပ်လာပါက သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ခြင်း၊

(င) တရားရုံးသို့တရားစွဲတင်ပို့ရာတွင် ပါဝင်ခြင်းမရှိသည့်အမှုမှသက်သေခံပစ္စည်းများကိုလည်းကောင်း၊ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့်အမှုမှ သက်သေခံပစ္စည်းများကိုလည်းကောင်း ဗဟိုကော်မတီ၏ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(စ) နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သောသက်သေခံပစ္စည်းများကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းမှရရှိသော ငွေကြေးများကို သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ထိန်းသိမ်းထားသည့် သက်သေခံပစ္စည်းများအား လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဇ) မိမိ၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ရုံးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈ) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း ဆိုင်ရာဆောင်ရွက်ချက်အစီရင်ခံစာများကိုဗဟိုကော်မတီသို့လစဉ်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း ဆိုင်ရာလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၉။ ဗဟိုကော်မတီသည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) အလုပ်အမှုဆောင်ကော်မတီဝင်(၁)ဦး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ခရိုင်ဦးစီးဌာနမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၃) ခရိုင်တာဝန်ခံအရာရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၅) ခရိုင်ဥပဒေအရာရှိ ခရိုင်ဥပဒေရုံး — အဖွဲ့ဝင်

(၆) ခရိုင်ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(၇) ခရိုင်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) ခရိုင်ဦးစီးမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၉) တာဝန်ခံအရာရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၁၀) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးကြီးကြပ်ကွပ်ကဲသူအရာရှိ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) မရွှေ့မပြောင်းနိုင်သည့်သက်သေခံပစ္စည်းကိုဖြစ်စေ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းကိုဖြစ်စေ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း သို့မဟုတ် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) သက်သေခံပစ္စည်းဖြစ်သော တိရစ္ဆာန်များကိုထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်အပ်နှံခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား တရားစွဲဆိုတင်ပို့ခြင်း မပြုမီ တရားရုံးအမိန့်ဖြင့် ထုခွဲရောင်းချစေပြီး ရရှိသောငွေကြေးကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းတွင်ထိန်းသိမ်းထားပြီးစစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါတရားရုံး၏အမိန့်နှင့်အညီဆောင်ရွက်ခြင်း၊

ဆက်လက်ဖော်ပြပါမည်

# ဟိုပုံးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၄၀၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နမ်းဟုတ်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းပြခန်းအား လှည့်လည်ကြည့်ရှုသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းရှိ သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၃၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ မန္တလေးမြို့တွင် လူဦးရေ ၂၅၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးမြို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက နန်းမြို့နှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပရာ စုပေါင်းလမ်းလျှောက်ပွဲနှင့်အတူ စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုကာယလေ့ကျင့်ခန်း၊ Myanmar Fitness Dance များဖြင့် လှုပ်ရှားဆောင်ရွက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ပြည်သူများနှင့်အတူ ပါဝင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထု စုစုပေါင်းဦးရေ ၂၅၀၀ ကျော်က ကျုံးအရှေ့တောင်ဘက်ထောင့်ထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုကာယလေ့ကျင့်ခန်း အတွဲ(၁/၂)၊ Myanmar Fitness Danceများဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်



# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဆေးရုံဝင်းအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မွေးမြူရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြှင့်တင်ကြပါစို့

ရေနံ့သာမောင်ကျော်ညွန့်

ကျွန်တော်မှတ်မိတဲ့ အရွယ်ငယ်ငယ်တုန်းကတော့ ကျွန်တော်တို့ရွာရဲ့ အိမ်ခြေက ခြောက်ဆယ်ကျော်လောက်ပဲရှိတယ်။ ခုကျွန်တော် ခုနစ်ဆယ်အရွယ်နားကပ်နေတဲ့ အချိန်မှာတော့ ကျွန်တော်တို့ရွာရဲ့ အိမ်ခြေက နှစ်ရာလောက်ရှိနေပြီ။ တစ်နှစ်ထက်တစ်နှစ် လူဦးရေကလည်း တိုးနေတော့တာပဲ။ လူဦးရေတိုးလာတာနဲ့အမျှ အိမ်ခြေတွေကလည်း တိုးလာတာပေါ့။ ရွာရဲ့ အကျယ်အဝန်းကလည်း ယခင်ထက်သုံးဆလောက် ကျယ်လာတယ်။

လူဦးရေတွေက ယခင်ကထက်သုံးလေးဆလောက်တိုးလာတယ်။ လူဦးရေသာ တိုးလာတာ လုပ်ကိုင်ခွင့်ရတဲ့ယာမြေက တိုးမလာဘူး။ လျော့တောင်လျော့လာသေးတယ်။ လျော့ရတာကလည်း လူဦးရေတွေတိုးပြီး အိမ်ခြေတွေတိုးလာတာက အကြောင်းတစ်ချက်ပါပဲ။ ဒီတော့ လုပ်ကိုင်ခွင့်ရသလောက်နဲ့ပဲ လုပ်ကိုင်နေကြရတယ်။ ယာကိုပဲ အားစိုက်ပြီး လုပ်ကိုင်ကြရတဲ့ ယာသမားတောင်သူတွေအနေနဲ့ အရင်လို စိုက်ပျိုးနည်းနဲ့တင် အဆင်မပြေတော့ဘူး။

ခုအချိန်က ယာလုပ်ငန်းတစ်ခုတည်း ဇောက်ချလုပ်ကိုင်ရုံနဲ့ အဆင်မပြေလှဘူး။ ယနေ့ကာလက အရာရာ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးမဟုတ်လား။ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးနဲ့အမီ လိုက်နိုင်အောင် လုံးပန်းနိုင်မှ တန်ကာကျမှာ။ အမီလိုက်နိုင်မှလည်း လူနေမှုအဆင့်အတန်းက မြင့်နေမှာပေါ့။ လူနေမှုအဆင့်အတန်းမြင့်ဖို့ဆိုတာကလည်း ဝင်ငွေတိုးနေဖို့က အဓိကပဲ။ ခုကာလမှာ စိုက်တဲ့ပျိုးတဲ့အလုပ်ကရလာတဲ့ဝင်ငွေနဲ့တင် တင်းတိမ်နေလို့မရတော့ဘူး။ စိုက်ပျိုးတဲ့အလုပ်နဲ့ တွဲဖက်လုပ်လို့ရတဲ့ ဝင်ငွေတိုးလုပ်ငန်းတစ်ခုကလည်းရှိပြီးသားလေဗျာ။ အဲဒီဝင်ငွေတိုးလုပ်ငန်းက အခြားမဟုတ်ပါဘူး။ ဒေသအလိုက်ဒေသနဲ့ ကိုက်ညီတဲ့ မွေးမြူရေးလုပ်ငန်းပါပဲ။

အင်းဝခေတ်မှာ ထင်ရှားခဲ့တဲ့ စာဆိုအကျော်ကန်တော် မင်းကျောင်းဆရာတော်ကလည်း “လယ်လုပ်ကုန်သွယ်၊ ရောင်းဝယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပွားအရင်း၊ လတွင်း တက်တိုး၊ ထံပိုးနှစ်လီ၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြံ၊ လုပ်ကြံကြိုးစား၊ ကျွဲနွားဆိတ်ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ တန္ဒီပယ်ရှောင်း၊ ထပ်ကာလောင်း၍၊ ပဲပြောင်း၊ စပါး၊ ကျီပြည့်ထားလျက်၊ ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်၊ မျိုးဆွေမှီတင်းကြွယ်စေမင်း” လို့ လောကသာရပျို့ထဲမှာ ရေးဖွဲ့ပြီး နှောင်းအဆက်ဆက်လူတွေအတွက် စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြဖို့ မှာကြားထားရစ်ခဲ့ပါတယ်။

အရင်တုန်းကတော့ စိုက်ပျိုးရေးလုပ်ငန်းကိုပဲ သဲသဲမဲမဲ၊ သဲကြီးမဲကြီးလုပ်ကိုင်ကြတာ။ မွေးမြူရေးလုပ်ငန်းကိုတော့ တစ်နိုင်တစ်ပိုင်လောက်ပဲလုပ်ကိုင်ကြတယ်။ ခုအခါမှာတော့ မွေးမြူရေးလုပ်ငန်းကရတဲ့ဝင်ငွေကလည်းထိထိမိမိ၊ မြိုးမြိုးမြက်မြက်ရှမှန်းသိလာတော့ အင်တိုက်အားတိုက်လုပ်ကိုင်လာကြပြီ။ သမားရိုးကျမွေးမြူရေးလုပ်ငန်းမဟုတ်တော့ဘူး။ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လာကြတယ်။ ကြက်ဆိုလည်းအုပ်လိုက်၊ ဝက်ဆိုလည်းအုပ်လိုက်၊ ဘဲဆိုလည်းအုပ်လိုက်၊ နွားဆိုလည်းအုပ်လိုက်၊ ဆိတ်ဆိုလည်းအုပ်လိုက်၊ သိုးဆိုလည်းအုပ်လိုက်မွေးမြူကြတော့တာပဲ။ ကြက်ခြံတွေ၊ ဘဲခြံတွေ၊ ဝက်ခြံတွေ၊ နွားခြံတွေ၊ ဆိတ်ခြံတွေ၊ သိုးခြံတွေက ရွာတိုင်းလိုလိုမှာရှိနေပြီ။ အရင်တုန်းကတော့ ခြံလှောင်စနစ်နဲ့ မွေးမြူကြတာမဟုတ်ဘူး။ ခုအခါမှာတော့ ခြံလှောင်ပြီး စနစ်တကျမွေးမြူနေကြပြီ။

မြစ်၊ ချောင်းအနီးအနားတွေမှာဆိုလည်း ကန်ကြီးတွေ တူးဖော်ပြီး ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ မွေးမြူလာကြတယ်။ မြစ်၊ ချောင်းတွေ အနီးအနားမှာ မွေးမြူရေးကန်တွေ အများကြီးပဲ။ မွေးမြူရေးလုပ်ငန်းတွေကိုအများကြီး တိုးချဲ့လုပ်ကိုင်နေကြပြီ။ ခုဆိုမြန်မာ့သားငါးဈေးကွက်က နိုင်ငံတကာဈေးကွက်ထဲအထိ ရောက်နေပြီ။ မွေးမြူရေးလုပ်ငန်းကဏ္ဍ တစ်ခေတ်ဆန်းလာတဲ့ ကာလပါပဲ။ တစ်ခေတ်ဆန်းလာတာနဲ့အမျှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ ဝင်ငွေတိုးလာသလိုမွေးမြူရေးလုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်ပေးကြရတဲ့ တစ်ဦးချင်းစီရဲ့ ဝင်ငွေကလည်းတိုးလာတာပါပဲ။ တစ်ဦးချင်းစီဝင်ငွေတိုးလာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့စားဝတ်နေရေး ချောင်လည်လာသလို တစ်ဦးချင်းစီရဲ့ လူနေမှုအဆင့်အတန်းကလည်း မြင့်လာနေပါတယ်။ ဒါကြောင့်လည်း မွေးမြူရေးလုပ်ငန်းကို တစ်ဦးချင်းပုဂ္ဂလိကပိုင်လုပ်ကိုင်နေကြသလို သမဝါယမ စုပေါင်းစနစ်နဲ့လည်း အင်တိုက်အားတိုက်လုပ်ကိုင်နေကြပါပြီ။

> ❖ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေပါ။ နိုင်ငံသူနိုင်ငံသားတွေရဲ့ စားရေရိက္ခာ ဖူလုံအောင်ဖြည့်တင်းပေးနေကြတဲ့ သူတွေပါပဲ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေးတောင့်တင်းခိုင်မာလာတာက ထပ်တူကျပါတယ်။ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေးတောင့်တင်းခိုင်မာလာလေလေ နိုင်ငံတော်ရဲ့ စီးပွားရေး ခနအင်အားကလည်း တောင့်တင်းခိုင်မာ လာလေလေပါ . . .

နိုင်ငံတော်အစိုးရရဲ့ ကျေးဇူး၊ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနရဲ့ကျေးဇူးတွေကြောင့် ခြံလှောင်ပြီး စနစ်တကျမွေးတာက အရင်တုန်းက လွှတ်ကျောင်းမွေးတာထက် ပိုကောင်းတာကို လက်တွေ့သိမြင်နေကြရပါပြီ။ ဒါကြောင့် ခြံလှောင်မွေးတဲ့စနစ်ကို မွေးမြူရေးလုပ်ငန်း လုပ်ဆောင်နေသူတိုင်းက လိုလိုလားလား လက်ခံကျင့်သုံးလာကြတာပါ။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေကလည်း ကျေးရွာတွေအရောက်ကွင်းဆင်းပြီး မွေးမြူထားတဲ့ တိရစ္ဆာန်တွေကို စနစ်တကျမွေးဖို့၊ အစာကို စနစ်တကျကျွေးဖို့၊ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ဆေးထိုးဖို့၊ ရောဂါဖြစ်ပွားလာရင်လည်း စနစ်တကျကုသဖို့ မကြာမကြာ ပညာပေးဆွေးနွေးထားတာဆိုတော့ မွေးမြူရေးနဲ့ဆိုင်တဲ့ ဗဟုသုတတွေကလည်း နားရည်ဝနေကြပြီ။ မွေးမြူရေးနဲ့ဆိုင်တဲ့ ဗဟုသုတတွေ နားရည်ဝလာတော့ အသားစားကြက်နဲ့ ဘဲအမျိုးမျိုး၊ ဥစားကြက်နဲ့ ဘဲအမျိုးမျိုး၊ အသားတိုးဝက်၊ ဆိတ်၊ သိုးအမျိုးမျိုး၊ ခိုင်းနွားအမျိုးမျိုး၊ နို့စားနွားအမျိုးမျိုးစတဲ့ ဈေးကွက်ဝင်မွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်နေကြပါပြီ။ ခုဆို စားသုံးသူလူမျိုးမရွေး နှစ်သက်ပြီး ဈေးကောင်းရတဲ့ ကြက်မည်းမျိုးတွေကို မွေးမြူနေကြပါပြီ။ ဒ့ါပြင် မွေးမြူရေးလုပ်ငန်းက ရရှိလာတဲ့ ကုန်ကြမ်းတွေကို ကုန်ချောဖြစ်အောင်ထုတ်လုပ်နိုင်တဲ့ အသေးစား၊ အလတ်စား အလုပ်ရုံ၊ စက်ရုံတွေနဲ့ တစ်ဆင့်မြှင့်ပြီး ထုတ်လုပ်နေကြပါပြီ။ မွေးမြူရေးကဏ္ဍထုတ်ကုန်တွေ တိုးတက်လာအောင်လို့ ခေတ်မီနည်းစနစ်တွေကို ဖြန့်ဝေပေးနေတဲ့အပြင် မွေးမြူရေးကဏ္ဍအတွက်လိုအပ်မယ့်မတည်ရင်းနှီးငွေတွေကိုလည်း နိုင်ငံတော်အစိုးရက စိုက်ထုတ်ပေးနေပါတယ်။ ယနေ့နိုင်ငံတော် အစိုးရအနေနဲ့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနဲ့ ထူးချွန်ထက်မြက်ပြီး ဗလငါးတန်ပြည့်ဝတဲ့ လူ့စွမ်းအားရင်းမြစ်များပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

ယခု(KG+12)အတန်းစဉ်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက်စီမံဆောင်ရွက်ပေးနေသလို လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးနေပါတယ်။ အလယ်တန်း အဆင့်(Grade–9) အောင်မြင်ပြီးသူများအနေနဲ့ အခြေခံပညာအထက်တန်းကျောင်းတွေ၊ ဒါမှ မဟုတ်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်တွေ တွဲဖက်သင်ကြားပေးမယ့် အခြေခံပညာအထက်တန်းကျောင်းတွေမှာတက်ရောက်သင်ယူနိုင်တဲ့သင်ယူမှု အခွင့်အလမ်းတွေကို တိုးမြှင့်လမ်းဖွင့်ပေးထားပါတယ်။ စက်မှုပညာရှင်တွေ၊ စက်မှုပညာကျွမ်းကျင်သူတွေ၊ စိုက်ပျိုးရေးပညာရှင်တွေ၊ စိုက်ပျိုးရေးပညာကျွမ်းကျင်သူတွေ၊ မွေးမြူရေးပညာရှင်တွေ၊ မွေးမြူရေးပညာ ကျွမ်းကျင်သူတွေ ဖြစ်ပေါ်လာစေဖို့ ရည်မှန်းဆောင်ရွက်ပေးနေတာပါပဲ။ အဲ့ဒီလူငယ်မောင်မယ်တွေ လူလားမြောက်လာတဲ့အခါ စက်မှုလုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေမှာ အားကိုးအားထားပြုရမယ့် လူ့စွမ်းအားရင်းမြစ်တွေပါ။ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး နိုင်ငံတော်ကို အလုပ်အကျွေးပြုနေမယ့်သူများပါပဲ။

ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက စီးပွားရေးဦးတည်ချက်မှာ “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဆိုတဲ့ အချက်ကိုထည့်သွင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် မွေးမြူရေးဇုန်တွေကိုသွားရောက်ပြီး လုပ်ကိုင်နေကြတဲ့ မွေးမြူရေးလုပ်ငန်းရဲ့ အောင်မြင်တိုးတက်နေမှုတွေကို လှည့်လည်ကြည့်ရှုအားပေးရင်း လိုအပ်တာတွေကို ပံ့ပိုးဖြည့်ဆည်းပေးနေတာပါ။ ၂၀၂၄ ခုနှစ် ဇွန်လ ၁၅ ရက်က မိတ္ထီလာ–သာစည်လမ်းပေါ်မှာရှိတဲ့ ဦးမြဟန်ရဲ့ ဆိတ်နဲ့သိုးမွေးမြူရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေကို တွေ့ဆုံကာ “မိရိုးဖလာစနစ်အတိုင်းမွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းအဖြစ်သို့လည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မွေးမြူထုတ်လုပ်သူနှင့် ဝယ်ယူစားသုံးသူတို့၏အကြား၌ ကြားခံအဆင့်များနေပါက အသားဈေးနှုန်းများသည်လည်း ကြီးမြင့်နေမည်ဖြစ်သဖြင့် မွေးမြူထုတ်လုပ်သူနှင့် စားသုံးသူတို့ တိုက်ရိုက်စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အကောင်လိုက်ရောင်းချခြင်းထက် အသားကိုအဆင့်မီ ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ အေးခဲအသားများ၊ အသားခြောက်များပြုလုပ်ရောင်းချနိုင်ရေးအတွက် အသားထုတ်လုပ်မှုစက်ရုံကိုလည်း ဆောင်ရွက်သင့်ကြောင်း” မှာကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှာကြားခဲ့တာတွေနဲ့အညီ စနစ်ကျတဲ့ မွေးမြူရေးလုပ်ငန်းများဖြစ်ပေါ်လာအောင်၊ ခေတ်နဲ့အညီ ခေတ်မီတဲ့ မွေးမြူရေးကုန်ထုတ်လုပ်ငန်းစက်ရုံအလုပ်ရုံတွေ ဖြစ်ပေါ်လာအောင်၊ မွေးမြူရေးလုပ်ငန်းစီးပွားဖြစ်တွင်ကျယ်လာအောင် နိုင်ငံတော်က ကူညီအားပေးနေသလို မွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့သူများနဲ့အတူ သက်ဆိုင်ရာတာဝန်ရှိသူများကပါ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမယ်ဆိုရင် မြန်မာ့မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းတွေက နိုင်ငံတကာ စားသုံးသူ ဈေးကွက်ထဲမှာနေရာရပြီး မျက်နှာပန်းလှနေမှာမလွဲပါဘူး။ စားသုံးသူတွေအနေနဲ့လည်း သက်သာချောင်ချိတဲ့ဈေးနှုန်းနဲ့ အလွယ်တကူ ဝယ်ယူစားသုံးနိုင်မှာဖြစ်ပါတယ်။ တစ်ဦးချင်းစီမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်လာပြီး စီးပွားရေးတွေ ပိုမိုကောင်းမွန်လာမှာ အသေအချာပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေပါ။ နိုင်ငံသူနိုင်ငံသားတွေရဲ့ စားရေရိက္ခာ ဖူလုံအောင်ဖြည့်တင်းပေးနေကြတဲ့သူတွေပါပဲ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေးတောင့်တင်းခိုင်မာလာတာက ထပ်တူကျပါတယ်။ တစ်ဦးချင်းစီရဲ့ လူမှုစီးပွားရေး တောင့်တင်းခိုင်မာလာလေလေ နိုင်ငံတော်ရဲ့ စီးပွားရေး ခနအင်အားကလည်း တောင့်တင်းခိုင်မာလာလေလေပါပဲ။ ပြည်တွင်းစားသုံးဖို့ဖူလုံရုံမက ပေါကြွယ်ဝတဲ့ စိုက်ပျိုးရေးလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းထုတ်ကုန်တွေက ကုန်ကြမ်းကနေ ကုန်ချောအထိ အမြောက်အမြား ထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေကြရမှာပါ။ ဒါမှလည်း မြန်မာ့သားငါးကဏ္ဍ ထုတ်ကုန်ပစ္စည်းတွေက ပြည်ပစားသုံးသူ ဈေးကွက်ထဲအထိ အရောက်ပို့နိုင်မှာပဲဖြစ်ပါတယ်။ ဒါမှလည်း တစ်ဦးချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို တစ်မျိုးသားလုံးရဲ့ စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အပြင် နိုင်ငံတော်ရဲ့စီးပွားရေးကလည်း ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ဒါကြောင့် “တစ်မျိုးသားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်စို့” လို့ တိုက်တွန်းလိုက်ပါတယ်။ ။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ❖ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သွားပါမည်။
- ❖ စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။







တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကျိုင်းတုံမြို့၌ နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ယနေ့ညနေပိုင်းတွင် အဆိုပါမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အာခါတိုင်းရင်းသားအဆိုရှင်များက အမျိုးသားနေ့အဖွင့်သီချင်းကို သီဆိုကြသည်။

၎င်းနောက် တိုင်းမှူးက နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက မိန့်ခွန်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၅၀)ပြည့်ရွှေရတု အာခါအမျိုးသားနေ့အတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အာခါတိုင်းရင်းသားများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Aung Than Dine” Facebook အကောင့်နှင့် “aungthandine7” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ အောင်သံဒိုင်(ခ) သံဒိုင်ကျော်ကို ည ၈ နာရီ ၅ မိနစ်တွင် အင်းစိန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)


## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အစမ်းလေ့ကျင့်ခြင်း၊ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ၌ အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ပြည်လမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


☆ ကျောဖုံးမှအဆက်

စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ဖ ဒသမ ၁၂၅ ကီလို၊ ကက်တမင်း ဂရမ် ၉၅၀ နှင့် အက်တက်စီဆေးပြား ၂၄၀ တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက် ည ၈ နာရီခွဲတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၆၁)ရပ်ကွက်တွင် ငှားရမ်းနေထိုင်သည့် မလေးရှားနိုင်ငံသား Mr. Lee Kok Sun အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇၅ ဂရမ်၊ အက်တက်စီဆေးပြား ၄၅၀၊ Happy-5 ဆေးပြား ၆၀၀၊ အမှုန့်ကြိတ်စက်တစ်လုံး၊ အိတ်ပိတ်စက် တစ်လုံး၊ ထုပ်ပိုးခွံအလုံး ၅၀၀ ၊ Happy Water ရောစပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီအရသာမှုန့် ဂရမ် ၈၀၀၊ လိမ္မော်အရသာမှုန့် ဂရမ် ၇၀၀ တို့နှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၇၈၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ဖ ဒသမ ၄၉၂၅ ကီလို၊ ကက်တမင်း ၁ ဒသမ ၀၅၂ ကီလို၊အက်တက်စီဆေးပြား ၆၉၀၊ စိတ်ကြွဆေးပြား ၄၀၀ နှင့် Happy-5 ဆေးပြား ၆၀၀၊ အမှုန့်ကြိတ်စက်တစ်လုံး၊ အိတ်ပိတ်စက်တစ်လုံး၊ထုပ်ပိုးခွံအလုံး ၅၀၀၊ Happy Water ဖျော်စပ်ရာတွင် အသုံးပြုသည့် စတော်ဘယ်ရီအရသာမှုန့် ဂရမ် ၈၀၀ နှင့် လိမ္မော်အရသာမှုန့် ဂရမ် ၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် စိတ်ပြောင်းဆေးဝါးများအား ရောစပ်၍ ရန်ကုန်မြို့ပေါ်ရှိ KTV၊ BAR၊ CLUB နှင့် စားသောက်ဆိုင်များတွင် လူငယ်များကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကဏ္ဍ

# ဟင်းတစ်ခွက်

ညိမ်းညို



(၁)

မောင်ရေချမ်းနှင့်မောင်မောင် ဦးစန္ဒိမာကျောင်း၏ အရှေ့ဘက်ကုန်းစောင်းသို့ ရောက်နေကြသည်။ ဘုန်းကြီးကျောင်း၏အမည်မှာ ဓမ္မရက္ခိတဖြစ်သော်လည်း မောင်ရေချမ်းတို့တစ်တွေကား ကျောင်းထိုင်ဘုန်းကြီးဖြစ်သော ဦးစန္ဒိမာ၏အမည်ကိုစွဲ၍ နှုတ်ကျိုးနေကြလေပြီ။

အချိန်မှာ စောနေသေး၏။ နေသည် ပျပျကလေးမှုပူ၏။ ဦးစန္ဒိမာကျောင်းဝင်းကြီးမှာ တောင်မြောက်သွယ်တန်းနေသော တောင်ကုန်းရှည်ကြီးတစ်ခုလုံးနီးပါး ကျယ်ပြောလေသည်။ ထင်းရှူးပင်များလည်း ခပ်စိပ်စိပ် ပေါက်နေကြသည်။

မောင်ရေချမ်းနှင့် မောင်မောင်မှာ ကျောင်းပိတ်ရက်တွင် ခက်ချွန်ငေါက် လာကောက်နေကြခြင်းဖြစ်သည်။ သူတို့ခါးပိုက်ထောင်ထဲတွင် ခက်ချွန်ငေါက်ကလေးများထိုးထိုးထောင်ထောင်ရှိနေကြသည်။

''မောင်မောင်ရေ တော်ကြစို့လား''

''ဒီနားလေးကုန်အောင်တော့ ကောက်လိုက်ကြအုံးစို့ကွာ''

သူငယ်ချင်းနှစ်ယောက် တရွေ့ရွေ့နှင့် ရှေ့ကိုတိုးကပ်သွားကြသည်။ ခက်ချွန်ငေါက်ကောက်သည်ဟုသုံးနေကြသော်လည်း အမှန်အားဖြင့် အတက်ကလေးများကို လက်ဖြင့်ဖွဲ့ကြရခြင်းဖြစ်သည်။ ခက်ချွန်ငေါက်ပင်မှာ ချုံပင်၊ နွယ်ပင်အရွယ်မျှမက ပင်ကြီးမျိုးလည်းမဟုတ်ဘဲ ကိုင်းခပ်သေးသေးနှင့် လူတစ်ရပ်အမြင့်အတွင်းရှိတတ်သည်။ ဆူးယောင်ယောင်ကလေးများကြားတွင် နုသစ်စိမ်းစိုသောအငေါက်ကလေးများ ထွက်နေတတ်သည်။

ခက်ချွန်ငေါက်မှာ မီးဖိုချောင်အတွက် စွယ်စုံအသုံးပြု၍ ရသည်။ ပြုတ်၍ တို့နိုင်သည်။ မန်ကျည်းသီးမှည့်နှင့် အရည်သောက်ချက်၍ရသည်။ အမေကြီးကားရေနွေးဖြော၍သုပ်သည်ကိုအလွန်ကြိုက်၏။

ခက်ချွန်ငေါက်ကောက်ပြီးနောက် သူငယ်ချင်းနှစ်ယောက် မှန်ကူသီးလိုက်ရှာကြသေးသည်။ ယခုလိုတောမှန်ကူသီးများက ပို၍ချိုတတ်သောကြောင့်ဖြစ်သည်။ ပြီးတော့ ကိုလင်းနှင့် ယမင်းတို့လည်းကြိုက်ကြသည်။

တောင်စောင်းအောက်ခြေတွင် ကျောက်ပေါက်ရပ်ကွက်ရှိသည်။ နံနက်စာ ချက်ပြုတ်နေကြပုံရသည်။ အရှေ့ဘက်တောင်တန်းများဆီမှ ရောင်နီများပျို့အန်ဖိတ်ကျနေသည်။ နေခြည်ရိုးရဲအောက်တွင် အိမ်ကလေးများဆီမှ မီးခိုးငွေ့များ တလူလူ ပျံ့လွင့်နေကြ၏။ ရတနာသစ်ရပ်ကွက်ဟု အမည်မှည့်ခေါ်ထားသော်လည်း မောင်ရေချမ်းတို့တစ်တွေမှာ ကျောက်ပေါက်ဟုသာ နှုတ်အကျင့်ပါနေကြသည်။ ကျောက်ပေါက်ဆိုသည်မှာလည်း ကောင်းမွန်သောအဓိပ္ပာယ်ပင် ဖြစ်ပါ၏။ မောင်ရေချမ်းတို့အရပ်တွင် ကျောက်ထည့်သည့်ဘူးကို ကျောက်ပေါက်ဟု ဒေသအသုံးဖြင့် ခေါ်ကြလေ့ရှိသည်။ တောင်ကုန်းနှစ်ခုကြားတွင် ကန့်လန့်ဖြတ်လဲလျောင်းနေသော ကျောက်ပေါက်ရပ်ကွက်ကို တကောင်းနန်းတိုင်ဘက်သို့သွားရာ တောလမ်းများနှင့် အနားသတ်ထားလေသည်။

''မောင်မောင်ရေ ပြန်ကြစို့ဟေ့ ထမင်းဆာပြီကွာ''

မောင်ရေချမ်း ဆော်ဩသည်။ သွားလာလှုပ်ရှားထားသဖြင့် ဝမ်းဗိုက်ဟာလှပြီ။ သည်တစ်ကြိမ်တော့ မောင်မောင်လည်း အသာတကြည် ခေါင်းညိတ်သည်။ လျှိုကလေးတစ်ခုကိုကျော်၍ဆေးရုံကုန်းအပေါ်ဘက်ရှိ အောင်မင်္ဂလာကျောင်းတိုက်ရှိရာသို့ တက်လာကြသည်။ ထိုကျောင်းတိုက်မှာ ဆေးရုံကုန်းနှင့် အောင်သုခရပ်ကွက်ဘက်သို့ သွားနိုင်သည့်လမ်းဆုံနေရာလည်းဖြစ်၏။

သူငယ်ချင်းနှစ်ယောက် လမ်းခွဲလိုက်ကြသည်။ ခါးပိုက်ထောင်ထဲတွင် ခက်ချွန်ငေါက်များကိုယ်စီနှင့်။ ကိုလင်းနှင့် ယမင်းကိုပေးရန် မှန်ကူသီးတချို့တစ်ဝက်လည်း ပါကြသေးသည်။

(၂)

''ဟော''

အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် မောင်ရေချမ်း အံ့အားသင့်သွားရသည်။ ကိုလင်းနှင့် ယမင်းတို့က ဘုရားစင်ရှေ့တွင်ထိုင်လျက် မှန်ကူသီးများစားနေကြသည်။ အမေကြီးက မှန်ကူသီးနှင့် တို့စားနိုင်ရန် ဆား၊ အချိုမှုန့်နှင့် ငရုတ်သီးမှုန့်တို့ကို အနေတော်လေးစပ်ထားပေးပုံရသည်။

''ဟာ''

ပိုပြီး အံ့ဩရသည်က စောစောလေးကမှ လမ်းခွဲခဲ့ကြသော မောင်မောင်ကပါ မီးဖိုချောင်ဘက်မှ ကုန်းကုန်းကုန်းနှင့် ထွက်လာသောကြောင့် ဖြစ်သည်။ သူ့လက်ထဲတွင် ခက်ချွန်ငေါက်များ ထည့်ထားသော ဆန်ခါခုံးတစ်ခုနှင့်။

''ဒီလိုကွာ။ ငါ အိမ်ပေါက်ဝအဝင် ကိုလင်းနဲ့ ယမင်းကလဲ ရောက်လာတာပဲ။ ဒါနဲ့ မင်းဆီသွားကြမယ်ဆိုပြီး အဖေ့ကိုမှာပြီး ထွက်လာကြတာ။ ငါတို့က ကံဦးကျောင်းဘက်က ဖြတ်တက်လာတော့ မင်းအိမ်ကို အရင်ရောက်နှင့်နေတာပေါ့''

မောင်မောင်က ရှင်းပြသည်။ ကိုလင်းနှင့် ယမင်းက ပါးစုန့်ဖောင်းဖောင်းကလေးတွေ ခွက်သွားသည်ထိ မှန်ကူသီးများကို သဲသဲမဲမဲ စားနေကြသည်။

သူတို့နှစ်ယောက်မှာ ယခုလို ကျောင်းပိတ်ရက်များတွင် စိတ်ကူးပေါက်လျှင်ပေါက်သလို ရောက်ရောက်လာတတ်ကြသည်။ သူတို့နေထိုင်သည့် ခေါင်းဦးဘာရပ်ကွက်နှင့် ပန်းမရပ်ကွက်တို့သည် မြို့လယ်ကောင်ရပ်ကွက်များဖြစ်သဖြင့် လူနေအိမ်ခြေစိပ်သည်။ ကလေးများသဘာဝခြေညောင်းလက်ဆန့်ပြုရန် နေရာကျယ်ကျယ်ဝန်းဝန်းမရှိ။ သည်တော့ မောင်ရေချမ်းတို့၊ မောင်မောင်တို့ရှိရာဘက်သို့ စက်ဘီးကလေးတစ်စီးနှင့် ထွက်လာကြလေ့ရှိသည်။

မောင်မောင်နေထိုင်သည့် ဆေးရုံကုန်းမှာ သူ့အထက်မှ အောင်မင်္ဂလာကျောင်းတိုက်ကို ကျော်လိုက်သည်နှင့် အင်းရှည်ကွင်းဘက်ကို ရောက်နိုင်သည်။ ပြီးလျှင် စစ်တပ်ကုန်း။ ထိုမှ တစ်လမ်းခြားသော် တည်ပင်ကြီးများ၊ သစ်အယ်ပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော ရွှေမြင်တင်ဘုန်းတော်ကြီးကျောင်း။

မောင်ရေချမ်းတို့နေသည့် အောင်သုခရပ်ကွက်ကလည်း သည်အတိုင်းပင်။ ရပ်ကွက်ထဲတွင် ဘောလုံးကွင်းကျယ်ကြီးတစ်ခု ရှိသည်။ ဆက်သွားလျှင် ကြက်ကန်းတောသို့ရောက်သည်။ သစ်တော်သီးခြံကြီးသို့ ရောက်သည်။ ရပ်ကွက်ကိုကျော်သည်နှင့် ခင်တန်းပြေပြေနှင့် တောအုပ်စိမ်းစိမ်းကလေးများရှိသည်။ လျှိုကလေးများ၊ မြောင်ကလေးများလည်း ပေါသည်။

''ခက်ချွန်ငေါက်သုပ်မလို့ကွဲ့။ ငါ့မြေးကောက်လာတာပါပေါင်းလိုက်''

အမေကြီးက ပြောသည်။ မောင်ရေချမ်း ခါးပုံစကိုဖြေ၍ မောင်မောင်ကိုင်ထားသော ဆန်ခါခုံးထဲသို့ ခက်ချွန်ငေါက်များ ပေါင်းထည့်လိုက်သည်။

''ငါ ကောက်လာတာတွေလဲ ယူခဲ့တယ်''

မောင်မောင်က ကိုလင်းနှင့်ယမင်းရှေ့သို့ ဆန်ခါခုံး သွားချသည်။

''ငါတို့က ဘာလုပ်ရမှာလဲ''

ကိုလင်းက တကယ်မသိ၍ မေးနေခြင်းဖြစ်သည်။

"ဒီလို ဒီလို အကြောပါတဲ့အတက်ကလေးတွေကို သင်လိုက်''

မောင်မောင်က သူကိုယ်တိုင် လက်တွေ့လုပ်ပြနေသည်။ ကိုလင်းနှင့် ယမင်းလည်း ခက်ချွန်ငေါက်ကအကြောမျှင်များကို ဝိုင်းသင်ကြသည်။ မောင်ရေချမ်းအမောပြေ ရေတစ်ခွက်သောက်လိုက်သည်။

''အမေကြီး သား ဘာကူရအုံးမလဲ''

''ထုံးစံအတိုင်း မြေပဲဆန်ထောင်းပေါ့''

အမေကြီးက ပြောခြင်းမဟုတ်။ မောင်မောင်၊ ကိုလင်းနှင့် ယမင်းတို့သုံးယောက်က ဝိုင်းအော်ပြီး တဟားဟားရယ်နေကြသည်။ ဟုတ်တော့လည်း ဟုတ်သည်။ အမေကြီး အသုပ်သုပ်တော့မည်ဆိုလျှင် မောင်ရေချမ်းမှာ မြေပဲဆန်ထောင်းရန် အမြဲတာဝန်ကျတတ်သည်။

အမေကြီးတစ်ယောက် ကြက်သွန်နီဆီသတ်ခြင်း၊ မြေပဲဆန်လှော်ခြင်း၊ မန်ကျည်းသီးမှည့်ရေစိမ်ခြင်းတို့ဖြင့် အလုပ်ရှုပ်လျက်ရှိလေပြီ။

(၃)

''ဒီအချိန်သွားလို့ မီပါအုံးမလားကွ''

"အိုကွာ၊ မမီတော့လဲ ညနေစာအတွက် ချန်ထားလို့ရတာပေါ့''

ကိုလင်းနှင့် မောင်မောင် ငြင်းနေကြခြင်းဖြစ်သည်။ အမေကြီးလက်ရာ ခက်ချွန်ငေါက်သုပ်က စား၍ကောင်းလှသည်။ မြေပဲဆန်စီးထွေးထွေးနှင့် ဆီချက်နံ့ကလေးကလည်း သင်းနေသေးသည်။ နောက်ထပ် အမေကြီးက ချဉ်ပေါင်ခါးအရည်ကျဲကလေးချက်ပေးသည်။ ငါးကလေးအိုးကပ်ကို ငရုတ်သီးစိမ်းမထည့်ဘဲ ပင်စိမ်းလေးအုပ်၍ အချိုချက်ပေးသည်။

မေမေက ဘုရားစင်ရှေ့၌ပင် ထမင်းပွဲပြင်ပေးသည်။ သူငယ်ချင်းလေးယောက် စားကောင်းကောင်းနှင့် ဗိုက်လေးသွားအောင် စားပစ်လိုက်ကြသည်။

ထမင်းစားပြီးသော် စိတ်ကူးတစ်ခုရလာကြသည်။ ခက်ချွန်ငေါက်သုပ်ကို ဆရာဦးတိုးကို သွားပေးရန်ပင်ဖြစ်သည်။ သူတို့လေးယောက်စလုံးပါဝင်အားဖြည့်ထားသောသည်ဟင်းတစ်ခွက်ကို ဆရာ့ကို စားစေလိုလှသည်။ အရသာကလည်း ကောင်းသည်ဟု သူတို့ထင်ကြသည်လေ။

နေ့လယ်ဘက်ပင် ရောက်နေပြီ။ အိမ်အပြင်၌ နေက ချစ်ချစ်တောက်ပူနေသည်။ မြို့အနောက်ဘက်ရှိ ပင့်ကူတောင်တစ်ဝိုက်တွင်မူ တိမ်မည်းညိုတချို့လွင့်မျောနေကြသည်။

''ငါ့မှာ စက်ဘီးပါတာပဲ။ ငါသွားလိုက်မယ်လေ''ဟု ကိုလင်းက ပြောသည်။

''နေအုံးကွ။ ဟင်းချိုင့်ကိုင်ဖို့ လိုသေးတယ်။ ငါ လိုက်ခဲ့မယ်''ဟုမောင်မောင်က အကြံပေးသည်။

''မြေးတို့ ဦးထုပ်ယူသွားကြအုံး''

အမေကြီးက ရွာဘက်မှ လက်ဆောင်ရသည့် ဂျုံရိုးဦးထုပ်နှစ်လုံးယူလာပြီး ပေးသည်။ ဘေးပတ်လည်တွင် အဝိုင်းပြားကြီးများပါသဖြင့် အပူသက်သာစေသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၉၈၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၉၈၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၉၈၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း နေကြာ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ နေကြာတစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ အဓိက စိုက်ကြပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက နေကြာစိုက်ပျိုးသည့်တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ အရှိန်မြှင့်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကလေးမြို့နယ်တွင် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆီစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် နေကြာအထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ပေါင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊နည်းဥပဒေပါ ကျေးလက်နေပြည်သူ များ လိုက်နာရမည့် တာဝန်များ၊ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအလုပ်အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကရင်စုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို အခြား လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို စုစုပေါင်းအသင်းသူ၊ အသင်းသား ၄၅ ဦးကိုငွေကျပ် ၃၁ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

"သွားပြီနော် အဘွား"

"ယမင်း မုန့်ကူသီးတွေ အကုန်စားမထားနဲ့အုံးနော်"

ကိုလင်းနှင့်မောင်မောင် တောင်ကုန်ကလေးပေါ်မှ အရှိန်နှင့်လိမ့်ဆင်းသွားသည်။ သူတို့စက်ဘီးကလေး ဦးဇေဒါကုန်စုံဆိုင်ဘက်ရောက်သည်ထိ မောင်ရေချမ်းတို့ အိမ်ပေါ်က လှမ်းမြင်နေရသည်။

မောင်မောင်သည် ခက်ချွန်ငေါက်သုပ်ပါသော ချိုင့်ကလေးကိုလက်တစ်ဖက်ဖြင့် မြှောက်ကာကိုင်ထားလျက်။

(၄)

"ဟော"

သည်တစ်ခါတော့ ကိုလင်းနှင့်မောင်မောင် အံ့သြရသည့်အလှည့်ဖြစ်၏။ ကျောင်းဝင်းကြီးအတွင်းမှ ဆရာဦးတိုး၏ အိမ်ခန်းဆောင်မှာ တိတ်ဆိတ်နေ၏။

"ဆရာ ဆရာ"

လူရိပ်လူယောင်မတွေ့သဖြင့် သူငယ်ချင်းနှစ်ယောက် အိမ်ရှေ့တံခါးဝမှ အသံပြုလိုက်ကြသည်။ မရှေးမနှောင်းမှာပင် နောက်ဖေးမီးဖိုခန်းထဲမှ ဆရာဦးတိုးထွက်လာသည်။ ဆရာ့ကိုမြင်၍ သူတို့ အံ့သြသွားကြခြင်းဖြစ်သည်။ ကြည့်လေ... ဆရာက ယောက်မကြီးကိုင်လျက်။ အခုပဲ ထမင်းအိုး မှေလာခဲ့ပုံရသည်။ ဆရာကလည်း ရုတ်တရက်ရောက်လာသော သူတို့ကိုကြည့်၍ အံ့သြနေပုံရသည်။

"အေးကွယ်။ မင်းတို့အန်တီ နေမကောင်းဖြစ်နေတာနဲ့ ဆရာ မီးဖိုချောင်ဝင်နေလို့ ခါတာမကြားလိုက်မိဘူး"ဟု ဆရာက ရှင်းပြသည်။

"ခက်ချွန်ငေါက်သုပ် လာပေးတာပါ ဆရာ"

"အတော်ပဲဟော့။ မင်းတို့အန်တီငယ်က အရွက်သုပ်ကလေးစားရရင်ကောင်းမယ်လို့ ခံတွင်းတောင်းနေရှာတာ"

"အဲဒါ ကျွန်တော်တို့ လေးယောက်စလုံးရဲ့ လက်ရာနော်ဆရာ"

"အမယ်... အဘွားသုပ်ပေးတာကိုများ" ဟုမောင်မောင်က ကိုလင်းကို တံတောင်နှင့်တွက်၍ဝင်ပြောသည်။

"ငါတို့လဲ အကြောတွေ ဝိုင်းသင်ပေးတယ်လေ"

ကိုလင်းကား သူတို့လာပို့သော ခက်ချွန်ငေါက်သုပ်ကို ဆရာက လိုလိုလားလားရှိသဖြင့် တက်ကြွနေသည်။ ဆရာ၏ သားဖြစ်သူ မောင်အောင်ခန့်မှာ ကစားဖော်များရှိရာ အခြားအိပ်ဆောင်များဘက်သို့ ရောက်နေပုံရသည်။ အန်တီငယ်မှာ ဆေးသောက်၍ မှိန်းနေသည်ဟု ဆရာပြောသည်။ အာဂန္တုအဖျားပါ၊ စိတ်မပူကြပါနဲ့ဟုလည်း နှစ်သိမ့်သည်။

ယောက်ျားအလုပ် မိန်းမအလုပ်မခွဲခြားဘဲ ဇနီးမောင်နှံအချင်းချင်း အကူအပံ့ပြုသည့် သူတို့ဆရာကို ပိုပြီးချစ်ခင်လေးစားသွားသည်။ လူဆိုသည်မှာ နေမကောင်းထိုင်မသာရှိသည့်အခါ သာမန်အချိန်ထက် ပို၍အားငယ်တတ်သည်မဟုတ်လား။

အပြန်ခရီးတွင် နေကလေးချို၍ လေညင်းကလေးများ တိုက်ခတ်နေကြပါသည်။

သူငယ်ချင်းလေးယောက် စိတ်တူကိုယ်တူပေးပို့ခဲ့သော ခက်ချွန်ငေါက်သုပ်မှာ အဓိပ္ပာယ်ရှိသော ဟင်းတစ်ခွက်ဖြစ်ခဲ့လေပြီ။

## နှစ်သစ်ကိုကြိုဆိုတဲ့ တို့ရွှေပြည်

- မြူနှင်းများ ရစ်ဝဲနေ
  အမိမြေ ပြည်အတွင်း၊
  ဆောင်းဂုဏ်ရည် ဆောင်းသရုပ်
  ဇာတ်ထုပ်ကို ခင်း။

- ဟေမန်ပျို ကိုယ်အဆင်း
  နှင်းဖွေးဖွေး လိမ်းကျံ၊
  တစ်ကိုယ်တော် လှပအခန်းနဲ့
  ရှေ့တန်းမှာ စံ၊
  လေညင်းက ကဗျာဆန်ဆန်
  ကြိမ်ဖန်ဖန် ဂုဏ်ပြုခဲ့၊
  မြရွက်ရည် အဖျားချင်းခတ်လို့
  တေးထပ်ကို ဖွဲ့။

- ကိုယ့်ဂုဏ်ရည် အကျယ်ချဲ့
  ပြာလဲ့လဲ့ မိုးကောင်းကင်၊
  တို့ပြည်ပေါ် ဖြန့်ကြက်လွှမ်းလို့
  မျက်နှာပန်း ရွှင်၊
  အေးချမ်းသော ပြည်ဝန်းကျင်
  အဆင်းလွင်ကာ ရသမြောက်၊
  ကြည်နူးဖွယ် စိတ်အသိ
  ပီတိဖြစ်ရောက်။

- တို့ရွှေပြည် နယ်ဝန်းတစ်လျှောက်
  ပြည့်မောက်သည့် ပသာဒဂုဏ်၊
  ဆောင်းဟေမန် ကိုယ်ရနံ့
  လွှမ်းအုပ်လို့ ခြုံ၊
  သဇင်က သင်းထုံထုံ
  နှင်းငုံကာ ကိုယ်ရည်သွေး၊
  အချစ်စစ် ချို‌တော့
  နှစ်သစ်ကြို နိမိတ်ကောင်းနဲ့
  ပေါင်းစည်းတယ်လေး။ ။

ချမ်းမြေ့(ဇလွန်မြေ)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အာဂျင်တီးနားနိုင်ငံ ရီယိုနီဂရိုးပြည်နယ်တွင် တောမီးကြောင့် နာဟွယ်ဟူပီအမျိုးသားဥယျာဉ်ဧရိယာ ဟက်တာ ၁၄၀၀ ကျော်ပျက်စီး



**ဗျူနိုစ်အေရိစ် ဒီဇင်ဘာ ၂၈**

အာဂျင်တီးနားနိုင်ငံ ရီယိုနီဂရိုးပြည်နယ်ရှိ နာဟွယ်ဟူပီအမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကြောင့် ဥယျာဉ်ဧရိယာ ဟက်တာ ၁၄၀၀ ကျော် ပျက်စီးခဲ့ကြောင်း ဒီဇင်ဘာ ၂၇ ရက်တွင် ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

အာဂျင်တီးနားနိုင်ငံတောင်ပိုင်း၏ အထင်ကရအမျိုးသားဥယျာဉ်ဖြစ်သော နာဟွယ်ဟူပီဥယျာဉ်တွင် ဒီဇင်ဘာ ၂၆ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သောဧရိယာမှာ မာတင်ရေကန်ဘက်အခြမ်းဖြစ်ကြောင်း နာဟွယ်ဟူပီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးအဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရီယိုနီဂရိုးပြည်နယ်အာဏာပိုင်များက ပြည်သူများဘေးကင်းလုံခြုံရေးအတွက် အမျိုးသားဥယျာဉ်နယ်မြေ၏ တောင်ပိုင်းနှင့် အလယ်ပိုင်းရှိ လမ်းကြောင်းများကို ပိတ်ထားကြောင်း၊ အဆိုပါတောမီးကို မီးသတ်တပ်ဖွဲ့ဝင် ၄၆ ဦးဖြင့် ငြိမ်းသတ်နေကြောင်း၊ မီးလောင်ကျွမ်းရာမှထွက်သော မီးခိုးငွေ့များကြောင့် မြင်ကွင်းမကောင်းသဖြင့် ဝေဟင်မှမီးငြိမ်းသတ်မှုများ လုပ်ဆောင်ရန် မဖြစ်နိုင်သေးကြောင်း၊ လက်ရှိအချိန်ထိ တောမီးကို အပြည့်အဝ မထိန်းချုပ်နိုင်သေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဩစတြေးလျနိုင်ငံ ဘန်ဘူရီဆိပ်ကမ်းမြို့တွင် အမဲလိုက်မှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ဖယ်ရီတန်းငှက်ကောင်ရေ ကျဆင်းလာ

**ကင်ဘာရာ ဒီဇင်ဘာ ၂၈**

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း ဘန်ဘူရီဆိပ်ကမ်းမြို့တွင် လူသားတို့၏ အလွန်အကျွံဖမ်းဆီးမှု အမဲလိုက်မှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့ကြောင့် ဖယ်ရီတန်းငှက် ကောင်ရေများ ကျဆင်းလာကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဖယ်ရီတန်းငှက်မျိုးစိတ်များသည် ၎င်းတို့၏ မျိုးပွားရာသီတွင် နေထိုင်ရာနေရာများရှားပါးလာမှု၊ အစာရေစာရှားပါးမှု၊ အလွန်အကျွံ အမဲလိုက်မှုများကြောင့် မျိုးစိတ်များ၏ ကောင်ရေထက်ဝက်ခန့် သေကျေပျက်စီးသွားခဲ့ရကြောင်း သိရသည်။

အဆိုပါငှက်များ၏ မျိုးပွားရာသီအစက ငှက်ဥပေါင်း ၃၅၀ ခန့် ဥနိုင်ခဲ့သော်လည်း လက်ရှိတွင် သားပေါက်နိုင်ခဲ့သည့် ကောင်ရေသည် ၁၂၀ ခန့်သာ ရှိကြောင်း၊ အဆိုပါငှက်များ သားပေါက်ရာနေရာများတွင် လူသားများ၊ ခွေးများနှင့် ကြောင်များ၏ အနှောင့်အယှက်ပေးမှုကြောင့် ကြေမွနေသော ဥများ၊ သေဆုံးနေသော သားပေါက်များစွာကို တွေ့ရကြောင်း ဩစတြေးလျနိုင်ငံ တောရိုင်းတိရစ္ဆာန်နှင့်ငှက်မျိုးစိတ်များစောင့်ကြည့်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နစ်ဒန်လေ့ဗ်က ပြောကြားခဲ့သည်။

အဆိုပါငှက်မျိုးစိတ်များသည် မျိုးပွားရာသီတွင် ဥတစ်လုံးမှ သုံးဥကြားသာ ဥနိုင်သောကြောင့် ကောင်ရေ တဖြည်းဖြည်းကျဆင်းလာခြင်းဖြစ်ကြောင်း၊ မျိုးသုဉ်းမှု မဖြစ်စေရေးအတွက် ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိ ဖယ်ရီတန်းငှက်ကောင်ရေသည် ကောင်ရေ ၁၀၀၀ အောက်သာ ကျန်ရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Ref : Sputnik News
Trs : KZ

# ဖိလစ်ပိုင်နိုင်ငံ ဆာရန်ဂါနီစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်နေအိမ် ၈၀၀ ထက်မနည်းရှိနေ

**မနီလာ ဒီဇင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံ ဆာရန်ဂါနီစီရင်စုတွင် ဒီဇင်ဘာ ၂၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ပြဿနာဖြင့် ရင်ဆိုင်နေရကာ ရေဘေးသင့် နေအိမ် ၈၀၀ ထက်မနည်း ရှိနေကြောင်း ဖိလစ်ပိုင် ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆာရန်ဂါနီစီရင်စုရှိ အလာဘယ်နယ်မြေတွင် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရပြီး ရေဘေးသင့်ပြည်သူတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် နယ်မြေများမှာ အလာဘယ်နယ်မြေ၊ မာရီဘူလန်နယ်မြေ၊ ကာဝေါ့စ်နယ်မြေ၊ ပက်အာဆာနယ်မြေတို့ဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ဒေသခံတချို့ ယာယီကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်းလျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်ကို မသိရသေးသကဲ့သို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအရေအတွက်ကိုလည်း စိစစ်နေဆဲဖြစ်ကြောင်း ဖိလစ်ပိုင် ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးက ထုတ်ပြန်ခဲ့သည်။



"ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ နေအိမ် ၈၀၀ ထက်မနည်း ရှိနေပါတယ်။ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ နေအိမ်တစ်လုံးဆိုရင် မိသားစုလေးစု ပေါင်းနေတာဖြစ်တဲ့အတွက် လူများပြီးတော့ ရုတ်တရက် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ အခက်အခဲရှိခဲ့တယ်။ မိသားစုလေးစုထဲက မိသားစုတချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့တဲ့အတွက် ဆေးကုသမှုတွေ ပြုလုပ်ပေးခဲ့ရတယ်"ဟု ဖိလစ်ပိုင်ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ပေါလ်ဆာလာဒါက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ ဖရီးစတုန်းကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖရီးစတုန်းကောင်တီတွင် ဒီဇင်ဘာ ၂၇ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း တက္ကဆက်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း၊ National Weather Service (NWS) ၏ ထုတ်ပြန်ချက်အရ လေဆင်နှာမောင်းသည် တက္ကဆက်ပြည်နယ်မှ တစ်ဆင့် မစ္စစ္စပီပြည်နယ်သို့ ဖြတ်သန်းတိုက်ခတ်ကာ မစ္စစ္စပီပြည်နယ် ဝေ့နယ်မြေထိ ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း၊ လေဆင်နှာမောင်းသည် မစ္စစ္စပီပြည်နယ် အရှေ့မြောက်ဘက်ပိုင်းသို့ တစ်နာရီလျှင် မိုင် ၂၀ နှုန်းဖြင့် ရွေ့လျားသွားကြောင်း သိရသည်။

"ခရစ္စမတ်ပွဲတော်ကာလဖြစ်လို့ နေအိမ်မှာပဲ မိသားစုတွေ အနားယူနေကြတယ်။ အနားယူနေတုန်း ရုတ်တရက်ဆူညံသံတွေ ကြားရပြီးတော့ အိမ်ပြတင်းမှန်တွေ ကွဲသွားတဲ့အသံကြားလိုက်ရတယ်။ စက္ကန့်ပိုင်းအတွင်းမှာပဲ လေဆင်နှာမောင်း ဖြတ်သန်းပြီး အခုလိုပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ တချို့နေအိမ်တွေဆိုရင် တော်တော်လေးကို ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့တယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဖိုလ်ဆမ်က ပြောကြားခဲ့သည်။

မစ္စစ္စပီပြည်နယ်အရှေ့မြောက်ဘက်ပိုင်း ဟာလေဒေသနှင့် ဗန်ကလစ်ဒေသတို့သည်လည်း လေဆင်နှာမောင်း အန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ် ရှိနေကြောင်း၊ လေဆင်နှာမောင်း ရွေ့လျားတိုက်ခတ်သွားမည့်လမ်းကြောင်းကို National Weather Service (NWS)က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တောင်အာဖရိကနိုင်ငံ ဂါးဒင်းရောက်ကမ်းခြေဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ

**ပရီတိုးရီးယား ဒီဇင်ဘာ ၂၈**

တောင်အာဖရိကနိုင်ငံ ဂါးဒင်းရောက်ကမ်းခြေဒေသတွင် ဒီဇင်ဘာ ၂၇ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း တောင်အာဖရိက မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် စီစဉ်နေပြီး တောင်အာဖရိကနိုင်ငံ ဂါးဒင်းရောက်ကမ်းခြေဒေသရှိ အဓိက ဆက်သွယ်သွားလာရေး လမ်းမများအနီးတွင် လောင်ကျွမ်းနေသည့်အတွက် မီးခိုးငွေ့များ လမ်းမများထက် ဖုံးလွှမ်းကာ လမ်းပန်းဆက်သွယ်ရေးအတွက် အခက်အခဲ ဖြစ်စေလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုနှင့် နီးကပ်နေသော လမ်းများကို အသုံးမပြုရန်လည်း တားမြစ်ချက် ထုတ်ပြန်ထားကြောင်း တောင်အာဖရိက မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်နေရာများမှာ ကမ်မာနက်စ်နယ်မြေ၊ ဝင်မြူနက်နယ်မြေ၊ ရော့ဘင်ဆင်ပတ်စ်နယ်မြေ၊ ဘက်ဖယ်ဒရစ်နယ်မြေ၊ ဒီကွန်ဘိုင်နယ်မြေ၊ ဂျွန်ဂျန်ဖွန်တိန်နယ်မြေ၊ စဝါဘက်ပတ်စ် နယ်မြေတို့ဖြစ်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသည့်နေရာအများဆုံးမှာ ဝင်မြူနက်နယ်မြေဖြစ်ကြောင်း၊ တောင်အာဖရိက မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သည့်အခြေအနေမဟုတ်သေးသည့်အတွက် အရေးပေါ်အခြေအနေဖြစ် သတ်မှတ်ရန် မလိုသေးကြောင်း၊ သို့သော်လည်း ရာသီဥတုအပြောင်းအလဲ ရှိနေသည့်အတွက် ရာသီဥတုပြောင်းလဲမှုအခြေအနေပေါ် မူတည်ပြီး တောမီးလောင်ကျွမ်းမှု အခြေအနေ အပြောင်းအလဲဖြစ်သွားနိုင်ကြောင်း တောင်အာဖရိက မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၄၃၇၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ဘုတလင် ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၄၃၇၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၃၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၄၃၇၂ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၇၄ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါး ၃၄၃၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စပါးစိုက်တောင်သူများ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ပတ်ကျောရွာလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ ဒီဇင်ဘာ ၂၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပတ်ကျောရွာလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်စေ လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပတ်ကျောရွာလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ နှင့်အတူမြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၅၀ ကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းမှ သိရသည်။

ကိုသက်

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့

ဘိုကလေး ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါးခြောက် ပိဿာချိန် ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ကေခိုင်က ပြောပြသည်။



ဘိုကလေးမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းတင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးမြွေထိုးငါးခြောက် ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလ ၁ ရက် မှ ၃၀ ရက်အထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာ။ တစ်လအတွင်း ငါးမြွေထိုးငါးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင် ဖန်တီးပေးတဲ့ လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေမှာ ကုန်များလာတာကြောင့် ငါးမြွေထိုးငါးခြောက် လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်'' ဟု ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးငါးခြောက်များ တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဖန်းခါးပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖန်းခါးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဒလမြို့နယ် သမ္မာန်ချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

ဒလ ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သမ္မာန်ချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ သမ္မာန်ချောင်းကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သမ္မာန် ချောင်းကျေးရွာ၌ အရှည် ပေ ၆၃၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၉၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**❖ ၂၀၂၅ ခုနှစ်ဆိုသောနှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုနိုင်ရေးအတွက် လူတစ်ဦးတစ်ယောက်ချင်းစီသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အတ္တများကို တတ်နိုင်သမျှလျှော့ချကာ မေတ္တာစိတ်မွေးမြူသွားရန် လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် ၂၀၂၄ ခုနှစ်အတွင်း မည်သည့်အရာကိုမျှ မည်မည်ရရမလုပ်နိုင်ခဲ့လျှင် တစ်နှစ်ဆိုသော သက်တမ်းကို အကျိုးမဲ့ဖြုန်းတီးခဲ့သူသာဖြစ်သည်။ ထိုသို့မဖြစ်စေရန်အတွက် ၂၀၂၅ ခုနှစ်အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိနှင့် မိမိ မိသားစု၊ မိမိအသိုက်အဝန်း၊ မိမိတိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးတစ်ခုခုကို ဆောင်ကြဉ်းပေးနိုင်အောင် ကြိုးပမ်းသွားသင့်သည်။ ❖**

ပြောင်းလဲမှုလှိုင်းနှင့်အတူ မကြာမီ ၂၀၂၄ ခုနှစ်ကုန်ဆုံး၍ ၂၀၂၅ ခုနှစ် နှစ်သစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ အမှတ်တမဲ့အချိန်တွင်းမှာပင် တစ်နှစ်ဆိုသောကာလ ကုန်ဆုံးသွားပြီဖြစ်သည်။ ပြီးခဲ့သောတစ်နှစ်အတွင်း လူသားတို့၏ အတွေးအခေါ်များသာ ရင့်ကျက်ခဲ့မည်ဆိုလျှင် ဤကမ္ဘာကြီးအတွက် မင်္ဂလာတစ်ပါးပင်ဖြစ်သည်။ အတွေးအခေါ်ရင့်ကျက်ခိုင်မာလာခြင်း ရှိ၊ မရှိသည် မသေချာသော်လည်း အိုမင်းရင့်ရော်မှုကိုတော့ အားလုံးလက်ခံလိုက်ရပြီဖြစ်သည်။ နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုနိုင်ရန်နှင့် မင်္ဂလာရှိသောနှစ်သစ်ဖြစ်နေစေရန်အတွက် မင်္ဂလာရှိသောအလုပ်များကို လုပ်ဆောင်သွားရန်လိုအပ်မည်ဖြစ်သည်။

**အတိတ်သမိုင်းကို သတိရသင့်**

အချို့သောသူများသည် နှစ်စဉ် ဇန်နဝါရီ ၁ ရက်ရောက်လျှင် Happy New Year ဟု အော်ဟစ်ရန်သာ သိထားကြသည်။ မိမိနေထိုင်သောနိုင်ငံ၏ သမိုင်းကြောင်းကို မေ့လျော့နေတတ်ကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ ဆိုရလျှင် လူအများစုသည် နှစ်သစ်ကူးပွဲလုပ်ရန်သာ ပြင်ဆင်နေကြသည်။ ဒီဇင်ဘာ ၃၁ ရက်ညပိုင်းတွင် ပျော်ပါးမည်၊ သောက်စားမည်၊ အော်ဟစ်မည်၊ ခိုက်ရန်ဖြစ်ကြမည်ဆိုရုံမျှသာ လုပ်ဆောင်သွားကြမည်ဆိုလျှင်တော့ နှစ်သစ်တွင်လည်း ကျရှုံးမှုများနှင့်သာ ကြုံတွေ့ရမည်ဖြစ်သည်။ ပြိုင်ဆိုင်မှုပြင်းထန်သော ခေတ်ကြီးတွင် အပျော်အပါးကိုသာ မက်မောနေသူများသည် နောက်ကျကျန်ခဲ့မည်သာဖြစ်သည်။ အမှန်တွင် နှစ်သစ်အတွက် ကိုယ်စီစိတ်ကူးအိပ်မက်များချမှတ်ထားရန် လိုအပ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်သင့်**

နှစ်သစ်ကူးနေ့သည် ပျော်ပွဲရွှင်ပွဲအတွက် သက်သက်မဟုတ်ပေ။ လာမည့် နှစ်သစ်အတွက် ခိုင်မာသောသန္နိဋ္ဌာန်ချမှတ်သွားရန်ဖြစ်သည်။ အချို့သောလူငယ်များသည် တစ်နှစ်ဆိုသောအချိန်သာ ကုန်ဆုံးသွားကြသည်။ အချိန်ပြည့် ဖုန်းသုံးခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဘောလုံးပွဲကြည့်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်၊ အရက်၊ ဘီယာ သောက်သုံးခြင်းဖြင့်သာ အချိန်ဖြုန်းခဲ့ကြသည်။ မည်သည့်အရာကိုမျှ မည်မည်ရရ မစွမ်းဆောင်နိုင်ခဲ့ကြပေ။ အနာဂတ်နိုင်ငံတော်အတွက် ရင်လေးစရာပင်ဖြစ်သည်။ မိဘဆွေမျိုးများအပါအဝင် လူကြီးသူမများသည် အချိန်ဖြုန်းနေသော လူငယ်များကို နေချင်သလိုနေခွင့်မပေးဘဲ စည်းကမ်းရှိအောင်၊ အချိန်၏တန်ဖိုးကိုသိရှိအောင် ပြောဆိုစည်းရုံးကာ အတူလက်တွဲခေါ်ဆောင်သွားရန် လိုအပ်သည်။

**လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်များဖြင့် ကြိုးပမ်း**

စင်စစ်အားဖြင့် လူတစ်ဦး၏သက်တမ်းသည် အမှတ်တမဲ့အချိန်အတွင်း လျင်မြန်စွာကုန်ဆုံးသွားသည်။ သေဆုံးချိန်တွင် ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ဓနငွေကြေး၊ ရာထူး၊ စည်းစိမ်၊ အောင်မြင်ကျော်ကြားမှုစသည့်ပိုင်ဆိုင်မှုအားလုံး ထားခဲ့ကြရသည်။ ထိုသို့ဆိုလျှင် လူတစ်ဦးသည် သက်ရှိထင်ရှားရှိစဉ် လောကလူ့ရွာကောင်းကျိုးအတွက် တစ်ခုခုတော့ လုပ်ဆောင်ထားခဲ့သင့်သည်။

အမှန်တွင် ၂၀၂၅ ခုနှစ်ဆိုသော နှစ်သစ်ကို လူသစ်၊ စိတ်သစ်၊ အတွေးအခေါ်သစ်၊ ခွန်အားသစ်များနှင့် မင်္ဂလာရှိစွာ ကူးပြောင်းကြရမည်ဖြစ်သည်။ နှစ်သစ်အတွက် လိုအပ်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် နှစ်သစ်သန္နိဋ္ဌာန်တစ်ခုတော့ ကိုယ်စီမပျက်မကွက် ချမှတ်သွားသင့်သည်။ ထိုသို့ ချမှတ်ထားသော စိတ်ကူးအိပ်မက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် လိုမည်ဖြစ်သည်။

**အချိန်မဖြုန်းသင့်**

လူတစ်ဦးသည် ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး စသည့်နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုတစ်စုံတစ်ရာမျှ မရရှိခဲ့လျှင် ထိုသူသည် တစ်နှစ်ဆိုသော အချိန်ကာလကို အကျိုးမဲ့ဖြုန်းတီးခဲ့ခြင်းဖြစ်သည်။ မနားမနေ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ နည်းပညာများ လျင်မြန်စွာ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေပြီး ပြိုင်ဆိုင်မှုပြင်းထန်လှသော မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံတွေဝေထိုင်းမှိုင်းနေသောသူများ၊ အပြောသမားများအတွက် နေရာမရှိတော့ပေ။ အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်တွင် အချိန်မဖြုန်းဘဲ ကိုယ်စီတာဝန်များကို ကျေပွန်အောင်လက်တွေ့ကျကျ အလုပ်လုပ်သွားကြရမည်ဖြစ်သည်။

**တိုင်းပြည်တိုးတက်ရေး**

နိုင်ငံတစ်နိုင်ငံကို ပြည်သူများဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုနိုင်ငံတွင် မှီတင်းနေထိုင်သော ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် ဖွဲ့၊ လုံ့လ၊ ဝီရိယကြီးမားမှု၊ ပညာတတ်မြောက်မှု၊ ကြိုးပမ်းအားထုတ်မှု၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိမှု စသည့် ဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံနေမှသာလျှင် ထိုနိုင်ငံသည် တိုးတက်မှုရှိနေမည်ဖြစ်သည်။ စာမဖတ်သူများ၊ လူပျင်းများ၊ လူမိုက်များ၊ အချိန်ဖြုန်းသူများ၊ အပျော်အပါးလိုက်စားသူများ၊ လောင်းကစားဝါသနာပါသူများ၊ ဘေးထိုင်ဘုပြောသူများ၊ တစ်ဦးကို တစ်ဦး လက်ညှိုးထိုး အပြစ်တင်ဝေဖန်နေသူများသာ မှီတင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံသည် မကြာမီ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့ ဆင်းသက်သွားမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီသည် နှစ်ဟောင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်တိုင်အောင် နှစ်သစ်အတွက် ခွန်အားများမွေးမြူသွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကိုရည်မှန်းလျက် ကြိုးပမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့် စွမ်းအားများ မြောက်မြားစွာရှိနေကြသည်။ မလုပ်သေးခြင်း၊ လုပ်ရန်ပျက်ကွက်နေခြင်းသာ ဖြစ်သည်။ လုပ်မည်ဆိုလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းတွင်ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကိုရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များ ကိုယ်စီရှိထားရန် လိုမည်ဖြစ်သည်။

**တိုးတက်မှုဖော်ဆောင်နိုင်**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေဆုံးရှုံးမှုများဖြစ်ပွားခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများအသက်ဆုံးရှုံးခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် ပြည်သူအားလုံးအနေဖြင့် ၂၀၂၅ ခုနှစ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်သွားရန် လိုအပ်သည်။ သို့မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

**စိတ်နေစိတ်ထားများ ပြုပြင်သွားစေလို**

ဆိုရလျှင် မကြာမီ ၂၀၂၄ ခုနှစ်ဆိုသော နှစ်ဟောင်းကုန်၍ ၂၀၂၅ ခုနှစ်ဆိုသော နှစ်သစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် လောဘ၊ ဒေါသ၊ မာန်မာနများအပေါ်အခြေခံ၍ သုခ၊ ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ နှစ်သစ်တွင် လောဘ၊ ဒေါသ၊ မာန်မာနများလျှော့ချပြီး မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာစိတ်များ ထားရှိကာ အကောင်းဆုံးကြိုးပမ်းသွားမည်ဆိုလျှင် ဝမ်းနည်းဖွယ်ရာများ၊ နာကြည်းဖွယ်ရာများ၊ နောင်တရဖွယ်ရာများ လျော့ပါးလာစေမည်ဖြစ်သည်။ လူတစ်ဦးသည် မိမိ၏ လုပ်ပိုင်ခွင့်နှင့် အာဏာတို့ကို တလွဲအသုံးချသွားမည်ဆိုလျှင် နောင်တရဖွယ်ဖြစ်စဉ်များကိုသာ ကြုံတွေ့နေရမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရန်အတွက် ဒေါသ၊ မာန်မာနနှင့် အတ္တများကို တဖြည်းဖြည်းချင်းလျှော့ချပြီး စိတ်နေစိတ်ထားပြုပြင်သွားရန် လိုအပ်သည်။

**နှစ်သစ်ကိုမင်္ဂလာရှိစွာကြိုဆိုကြပါစို့**

နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုနိုင်ရေးအတွက် နှစ်သစ်ကူးအကြိုနေ့ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် အသောက်အစားလျှော့ရန်လည်း လိုအပ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် နှစ်သစ်ကူးအကြိုပွဲများ ပြုလုပ်ကြမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် အချို့သောလူငယ်များသည် Happy New Year ဆိုသော စကားတစ်ခွန်းကို သံပြိုင်အော်နိုင်ရန်အတွက် ဝိုင်းဖွဲ့ကာ ည ၁၂ နာရီထိ သောက်စားမူးယစ်လေ့ရှိကြသည်။ အချို့ဆိုလျှင် မူးယစ်ရမ်းကား အချင်းများကာ ရန်ဖြစ်ကြသည်။ ယာဉ်တိုက်မှုများဖြစ်ကြသည်။ အချို့သောသမီးပျိုများသည် ဘီယာ၊ အရက်သောက်ထားသောကြောင့် မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းလျော့နည်းလာကာ အရှက်အကြောက်တရား ကင်းမဲ့လာကြသည်။ အချို့သောလူငယ်များသည် စည်းကျော်ကြသည်။ အကျိုးဆက်သည် ကာယကံရှင်အပြင် မိဘများပါ အရှက်ရမှုနှင့်ကြုံကြရသည်။

မည်သည့်အရာတွင်မဆို လွန်လွန်ကြူးကြူး မဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူကြီးများသည် လူငယ်များကို ထိန်းသိမ်းရန် တာဝန်ရှိသည်။ အညွန့်တလူလူတက်နေသောလူငယ်များ လမ်းမှားမရောက်စေရန်အတွက် လူကြီးများက ထိန်းသိမ်းပေးရန်တာဝန်ရှိသည်။ လူကြီးနှင့် လူငယ်များကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်အားကိုးမှု၊ တန်ဖိုးထားမှုများ ရှိနေစေရန်အတွက် သဟဇာတဖြစ်အောင် နေထိုင်သွားကြရန် လိုအပ်ပေသည်။

ဆိုရလျှင် ၂၀၂၅ ခုနှစ်ဆိုသောနှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုနိုင်ရေးအတွက် လူတစ်ဦးတစ်ယောက်ချင်းစီသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ အတ္တများကို တတ်နိုင်သမျှလျှော့ချကာ မေတ္တာစိတ်မွေးမြူသွားရန် လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် ၂၀၂၄ ခုနှစ်အတွင်း မည်သည့်အရာကိုမျှ မည်မည်ရရမလုပ်နိုင်ခဲ့လျှင် တစ်နှစ်ဆိုသော သက်တမ်းကို အကျိုးမဲ့ဖြုန်းတီးခဲ့သူသာဖြစ်သည်။ ထိုသို့မဖြစ်စေရန်အတွက် ၂၀၂၅ ခုနှစ်အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိနှင့် မိမိ မိသားစု၊ မိမိအသိုက်အဝန်း၊ မိမိတိုင်းပြည်အတွက် ကောင်းရာကောင်းကျိုး တစ်ခုခုကို ဆောင်ကြဉ်းပေးနိုင်အောင် ကြိုးပမ်းသွားသင့်သည်။ သို့မှသာလျှင် လူ့တာဝန်ကျေပွန်သော လူတစ်ဦးဖြစ်နေမည်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာရှိသောနှစ်သစ်တွင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စိတ်ကူးအိပ်မက်များအောင်မြင်မှုရရှိအောင် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

## ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# တန်ဖိုးရှိအောင် နေကြမယ်

" ဖျို့ ဘိုးဘိုးမြ "

"ဟော မောင်ပြေသုတို့ပါလား။ ဒီည လာတာ စောတယ်နော်"

"တမင် စောစောလာတာ ဘိုးဘိုးမြ"

"လက်ထဲက ဘာအထုပ်ကြီးလဲ မောင်ပြေသု"

"သားတို့ယာခင်းကထွက်တဲ့ပြောင်းဖူးတွေ ဘိုးဘိုးမြ"

"အေး ကောင်းသားပဲ။ ဒီည ပြောင်းဖူးပြုတ်စားရင်း ပုံပြင်ပြောကြတာပေါ့ကွယ်"

သို့နှင့် မောင်ပြေသုသည် ပြောင်းဖူးထည့်ထားသည့်အိတ်ကို ဘွားဘွားကြင်ထံ ပေးလိုက်လေသည်။

"ဒီည မြေးတို့ကို ဘိုးဘိုးပြောပြမဲ့ပုံပြင်လေးက တန်ဖိုးရှိအောင်နေကြမယ်ဆိုတဲ့ ပုံပြင်ကလေးပဲ မြေးတို့ရေ"

ဟိုးရှေးရှေးတုန်းက ယုန်မိသားစုသုံးယောက်ရှိတာပေါ့ကွယ်။ အဲဒီယုန်မိသားစုမှာ သမင်၊ ဒေါင်း၊ ကြက်တူရွေးဆိုတဲ့ မိတ်ဆွေတွေလဲရှိတယ်ကွဲ့။ မိတ်ဆွေအချင်းချင်းလဲ သင့်မြတ်စွာနေထိုင်ကြတာပေါ့ကွယ်။ တစ်နေ့မှာ ယုန်က ပြောင်းဖူးစေ့တွေကို ယူဆောင်လာသတဲ့ကွယ်။ ယုန်က သူ့ရဲ့မိတ်ဆွေတွေဖြစ်တဲ့ သမင်၊ ဒေါင်း၊ ကြက်တူရွေးတို့ကို "သူငယ်ချင်းတို့ ဒီပြောင်းဖူးစေ့တွေကို ဘယ်သူစိုက်ပျိုးချင်ကြသလဲ"လို့ မေးလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ "ငါက စိုက်ပျိုးရေးကို ဝါသနာမပါဘူး"လို့ သမင်ကလေးက ပြန်ဖြေလိုက်သတဲ့ကွယ်။

ဒေါင်းကလဲ "ငါကတော့ သစ်ပင်စိုက်ချင်ပေမဲ့ ရေမလောင်းချင်ဘူး။ ဒါကြောင့် သစ်ပင်ဘယ်တော့မှ မစိုက်ဘူး"လို့ ငြင်းဆိုလိုက်တာပေါ့ကွယ်။

ကြက်တူရွေးကလဲ "အပိုအလုပ်တွေလုပ်နေဖို့ ငါ့မှာ အချိန်မရှိဘူး"ဆိုပြီး ပြောင်းစေ့တွေကို စိုက်ဖို့ သဘောမတူပြန်ဘူးတဲ့ကွယ်။

ယုန်ကလေးဟာ သူ့မိတ်ဆွေတွေရဲ့စကားကို ကြားလိုက်ရတဲ့အချိန်မှာ အလွန်စိတ်မကောင်းဖြစ်သွားသတဲ့။ ဒါကြောင့် "ကောင်းပါပြီ။ မင်းတို့မစိုက်ဘူးဆိုရင် ငါတို့မိသားစုပဲ ပြောင်းစေ့တွေ စိုက်ပျိုးလိုက်တော့မယ်"လို့ပြောပြီး ယုန်မိသားစုသုံးယောက်က စုပေါင်းစိုက်ပျိုးလိုက်ကြတာပေါ့ကွယ်။ ပြီးတော့ ပြောင်းပင်ကလေးတွေရှင်သန်လာအောင် ရေလောင်းကြ၊ မြက်ပင်ပေါင်းပင်တွေကိုလဲ နုတ်ကြတယ်။ ရက်အတန်ကြာလာတဲ့အခါ ပြောင်းစေ့ကလေးတွေက အပင်ပေါက်လာတယ်။ တဖြည်းဖြည်းအချိန်ကြာလာ



တဲ့အခါ ပြောင်းပင်တွေမှာ ပြောင်းဖူးကလေးတွေ စတင်ထွက်ပေါ်လာသတဲ့ကွယ်။

ဒါနဲ့ ယုန်ကလေးက "ပြောင်းဖူးကလေးတွေကို ဘယ်သူခူးဆွတ်ချင်ကြသလဲ"လို့ သူ့မိတ်ဆွေတွေကို မေးပြန်သတဲ့။

"ငါ့ကတော့ မခူးဆွတ်ချင်ဘူး"လို့ သမင်က ပျင်းရိတဲ့လေသံနဲ့ ပြန်ဖြေသတဲ့ကွယ်။"

"ငါကလဲ မအားဘူး"လို့ ဒေါင်းက ပြန်ဖြေသတဲ့။

ကြက်တူရွေးက"ငါလဲ နေမကောင်းချင်လို့ အလုပ်မလုပ်နိုင်ဘူး"လို့ ငြင်းလိုက်ပြန်သတဲ့ကွယ်။ ဒါကြောင့် ပြောင်းဖူးတွေကို ယုန်မိသားစုကပဲ ခူးဆွတ်လိုက်ကြတာပေါ့ကွယ်။

ညနေခင်းကို ရောက်လာတဲ့အခါ "ပြောင်းဖူးတွေကို ဘယ်သူတွေ ပြုတ်ပေးကြမလဲ"လို့ ယုန်ကလေးက မေးလိုက်ပြန်သတဲ့ကွယ်။ ယုန်ကလေးရဲ့ အမေးစကားကို ကြားတဲ့အခါ မိတ်ဆွေတွေဖြစ်တဲ့ သမင်၊ ဒေါင်းနဲ့ကြက်တူရွေးတို့က မကြားချင်ယောင်ပြုနေကြသတဲ့။ ဒါနဲ့ ယုန်ကလေးဟာ သူ့မိသားစုတွေ အကူအညီနဲ့ ပြောင်းဖူးတွေ ပြုတ်လိုက်သတဲ့ကွယ်။ ပြောင်းဖူးတွေ ကျက်လာတဲ့အခါ "ပြောင်းဖူးပြုတ်တွေ ဘယ်သူစားကြမလဲ"လို့ ယုန်ကလေးက မေးလိုက်ပါသတဲ့ကွယ်။

သမင်လေးက ပြေးလာပြီး "ငါစားမယ်ဟေ့"လို့ အော်ပြောလိုက်သတဲ့ကွယ်။

ဒေါင်းကလဲ "အနံ့ကမွှေးလိုက်တာ။ သကြားပြောင်းဖူးတွေထင်တယ်"လို့ပြောပြီး ပြောင်းဖူးပြုတ်အိုးနားကိုရောက်လာသတဲ့ မြေးတို့ရဲ့။

ကြက်တူရွေးကလဲ "အရသာချိုမဲ့ပုံပဲကွာ။ ညစာအတွက် အဆင်သင့်တာပေါ့။ ပြောင်းဖူးမစားရတာလဲ ကြာပြီ"လို့ ပြောလိုက်သတဲ့ကွယ်။

ယုန်လဲ မိတ်ဆွေတွေရဲ့စကားသံကို ကြားရတဲ့အခါမှာ "ငါ့မိသားစုပဲ ပြောင်းဖူးပင်တွေစိုက်ပျိုးတယ်။ ငါ့မိသားစုပဲ အပင်ကြီးထွားအောင် ပြုစုတယ်။ ငါ့မိသားစုက ပြောင်းဖူးတွေဆွတ်ပြီး ပြုတ်ပေးခဲ့ရတယ်။ ဒါကြောင့် ဘယ်သူမှမစားကြနဲ့ ငါတို့မိသားစုပဲ ဝဝလင်လင်စားကြမယ်"လို့ပြန်ပြောလိုက်သတဲ့ကွယ်။ နောက်ပြီးတော့ "မင်းတို့က ရေသာခိုချင်တဲ့စိတ်ရှိကြတယ်။ မိတ်ဆွေအချင်းချင်း ရိုင်းပင်းကူညီစိတ်လဲမရှိကြဘူး။ အလုပ်ရဲ့တန်ဖိုးကိုလဲ နားမလည်ကြဘူး"လို့ ပြောလိုက်သတဲ့ကွယ်။

သမင်၊ ဒေါင်းနဲ့ကြက်တူရွေးတို့လဲ နောင်တရပြီး ယုန်ကလေးကို တောင်းပန်လိုက်ကြသတဲ့ကွယ်။ ကြင်နာတတ်တဲ့ယုန်ကလေးဟာ သူ့မိတ်ဆွေတွေကို မိတ်ဆွေကောင်းလိုချင်ရင် တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီဖို့၊ အပျင်းမကြီးဘဲ အလုပ်အပေါ်တန်ဖိုးထားဖို့ ပြောပြလိုက်သတဲ့ကွယ်။

"ကဲ...မြေးတို့ရေ လူရယ်လို့ဖြစ်လာရင် အလုပ်ကိုယ်စီရှိကြရမယ်ကွဲ့။ အလုပ်မရှိတဲ့သူဟာ ဘဝလဲ မတိုးတက်ကြဘူး။ နောက်ပြီး မိတ်ဆွေတွေအပေါ်မှာလဲ ကူညီပေးတတ်ရမယ်။ မိတ်ဆွေတွေအပေါ်မှာ မကူညီရင် ကိုယ်အခက်အခဲဖြစ်တဲ့အခါ ကူညီမဲ့သူ မရှိတော့ဘူးကွယ်။ ဒါကြောင့် မြေးတို့အားလုံး တန်ဖိုးရှိတဲ့သူဖြစ်အောင် အလုပ်တွေကို မခိုမကပ်ဘဲ နိုင်တဲ့ဘက်ကနေ ကူညီလုပ်ဆောင်ပေးကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးဘိုးမြ"

"ဘွားဘွားကြင်ရဲ့ ပြောင်းဖူးသုပ်လေးလဲ စားကြပါအုံးကွယ်"

ဘွားဘွားကြင်စကားအဆုံးတွင် မောင်ပြေသုနှင့် သူငယ်ချင်းများလည်း ပြောင်းဖူးသုပ်ကို အားပါးတရစားလိုက်ကြသည်။ ထို့နောက် ဘိုးဘိုးမြနှင့် ဘွားဘွားကြင်ကို ကန်တော့လိုက်ကြလေတော့သည်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

## လမ်းလျှောက်ပွဲ

♦ လမ်းလျှောက်ထွက်စို့ နံနက်မှာ
အားလုံး စုံညီစွာ။

♦ ဆောင်းလချိန်ခါ လွန်အေးချမ်း
စုပေါင်းလေ့ကျင့်ခန်း။

♦ ငွေနှင်းတွေလွှမ်း ဝန်းကျင်ဝယ်
ကိုယ်စိတ် ကြည်နူးဖွယ်။

♦ စောစောထမယ် မပျင်းဘဲ
ဆောင်းလ လမ်းလျှောက်ပွဲ။ ။

**မောင်ခဲတံ(ပညာရေး)**



## နှင်းပုလဲပွင့်ချိန်

♦ နှင်းပုလဲများ ပွင့်ကြပြီ
ဟေမန်လရာသီ၊
ရောင်နီလာချိန် မြူဝေဆိုင်း
ပတ်ဝန်းကျင်အုံ့မှိုင်း။

♦ ငွေနှင်းမှုန်လှိုင်း ဆော့ကျီစယ်
လေညင်းလည်းပါတယ်၊
မြောက်ပြန်နေသယ် ဇော့ကာယမ်း
နှင်းမကွဲသည့် တောင်ပေါ်လမ်း၊
ချမ်းတုန်ချမ်းတုန်ချမ်း။ ။

**စျာန်လေး(ပညာရေး)**



# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၄၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ကေ ၁၄၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ထောပတ်ပဲ ကေ ၁၄၈၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ်မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၅၃ ကေ၊ ဘုတလင်မြို့နယ်တွင် ၇၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ၃၇၅ ကေ စုစုပေါင်း ၁၄၀၅ ကေဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၉၅ ကေ၊ ဘုတလင်မြို့နယ်တွင် ၈၅ ကေ၊ ချောင်းဦးမြို့နယ်တွင် ကေ ၄၀၀ စုစုပေါင်း ကေ ၁၄၈၀ ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေ ရရှိစေရန်အတွက် သီးညှပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျေးသီးမြို့နယ် ပန်လော့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**ကျေးသီး ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ နားကန်းကျေးရွာအုပ်စု ပန်လော့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက ပန်လော့ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် လမ်းအရှည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး မြေသားသိပ်သည်းဆတိုင်းတာခြင်း(DCP) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်လော့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၉၉၁ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ဖွဲ့မြင့်မာန်ဟိန်းကုမ္ပဏီက ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ တောင်သူများ၏ လယ်ယာကေများမှထွက်ရှိမည့် စပါးနှင့် ပြောင်းများ ဈေးကွက်အတွင်း ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**






နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းဖြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Myanmar MOBILE MONEY



အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၄

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ ဆားချက်ရပ်နေ အဖ(ဦးအောင်သူဝင်း)၊ အမိ ဒေါ်ဇာဇာစိုးတို့၏ သားဖြစ်သူ မောင်အောင်ကျော်ထွန်း(၉/အမရ(နိုင်)၁၈၃၈၆၂)သည် မိဘစကားကိုနားမထောင်ဘဲ၊ မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် မောင်အောင်ကျော်ထွန်းအား အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှကို လုံးဝတာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်ဖြစ်သူ ဒေါ်ဇာဇာစိုး(၉/အမရ(နိုင်)၁၇၁၁၂၅)
ဆားချက်ရပ်၊ ကျွန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်။

## မိဘအမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်နေ မောင်ဇင်လင်းထွန်း၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်ရဲထိုက်နှင့် ဒေါ်ကြည်ကြည်ခိုင်ဖြစ်ပါကြောင်း။ ဦးဇော်ရဲထိုက်(၉/ပကခ(နိုင်)၀၀၁၉၈၈)
ဒေါ်ကြည်ကြည်ခိုင်(၉/ပကခ(နိုင်)၀၀၉၈၇၅)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၈၃)နေ ဦးဇေမောင်မောင်လွင်၏သား မောင်ထူးဇေယျာအောင် (ခ) မောင်ထူးထက်မြတ်ဇေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ မောင်ထူးဇေယျာအောင် (ခ)
မောင်ထူးထက်မြတ်ဇေ (၉/ခအဇ(နိုင်)၀၇၈၇၇၇)

အဖိုးတန်ရေချိုကို ချွေတာပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

### ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၈၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ရန်ကုန်မြို့ပေါ်တွင် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချသူ မြန်မာနိုင်ငံသားနှစ်ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦးတို့ကို ငွေကျပ်သိန်း ၂၇၈၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၈)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းရရှိထားသူ လှဦး(ခ)လှမျိုးအား TOYOTA MARK X မော်တော်ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိ၍ ရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂၃၈ ဒသမ ၅ ဂရမ်၊ ကက်တမင်း ၂၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ည ၁၁ နာရီ၌ တာမွေမြို့နယ် ဖိုးစိန်လမ်းမပေါ်တွင် မြတ်သူအား စိတ်ပြောင်းဆေးဝါး Happy Water ၁၂၉ ဂရမ်နှင့်လည်းကောင်း၊ ၎င်းနေထိုင်သည့် ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက်ရှိ နေအိမ်မှ

စာမျက်နှာ ၂၃ ကော်လံ ၄ ☆




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

---


မွေးမြူရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံစီးပွားရေး မြှင့်တင်ကြပါစို့ ဆောင်းပါး စာမျက်နှာ - ၂၂

ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်ထိ ကျင်းပသွားမည် စာမျက်နှာ - ၈

Miss World Myanmar 2025 ပြိုင်ပွဲကို လာမည့် ဇန်နဝါရီလအတွင်း ကျင်းပရန် စီစဉ်နေ စာမျက်နှာ - ၁၁

နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြပါစို့ ဆောင်းပါး စာမျက်နှာ - ၂၈



